## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## ဆဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
## (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၈.၆၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဆဋ္ဌ▯ဋ္ဌမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၄-၁-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက် ရောက်သည့်ဦးရေ ၃၃၂ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၉၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၉၀ ဦး အနက် ၆၆ ဦး ကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၄ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးဖောင်းခေါင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၈ ရက်၊

(၃) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၄) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁ ရက်၊

(၅) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၇) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၈) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၁ ရက်၊

(၉) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၁၀) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၁၁) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၁၂) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၃) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၁၄) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၁၅) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၆) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်၊

(၁၇) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၁၈) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၁၉) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၂၀) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၂၁) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၂၂) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁ ရက်၊

(၂၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်နှင့်

(၂၄) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၆ ဦး ယနေ့ ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် ပတ်သက်သည့် လိုလားချက်များအား နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တောင်သူလယ်သမားများရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများကို စည်းရုံးလှုံ့ဆော်မှုအနေဖြင့် စပါးနှင့်အခြားအဓိက သီးနှံတွေအထွက်တိုးပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ၁၀ ဧကအထွက်တိုး ပြိုင်ပွဲမှနေပြီးတော့ တောင်သူ

လယ်သမားအများစုပြိုင်နိုင်တဲ့ ငါးဧကပြိုင်ပွဲသို့ ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲတွေမှာဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ။ ပုလဲသွယ်ထက်ကောင်းမွန်ပြီး ရောဂါပိုးမွှားအန္တရာယ်ကို ပိုမိုခုခံနိုင်တဲ့အပြင် အထွက်တိုးပိုမိုကောင်းမွန်တဲ့ တရုတ်နိုင်ငံထုတ် ကမာကုမ္ပဏီကဖြန့်ချိပေးတဲ့ ကမာ(၃)ကဲ့သို့သော မျိုးစပါးများကို တင်သွင်းဖြန့်ဖြူးပေးရန်အစီအစဉ်ရှိ/မရှိ။

မြန်မာနိုင်ငံအတွင်းမှာ ရောင်းချလျက်ရှိတဲ့ စိုက်ပျိုးရေးဆေးကုမ္ပဏီတွေကနေပြီးတော့ ပိုးသတ်ဆေးတွေ၊ မြက်သတ်ဆေးတွေနဲ့ အခြားဆေးများကို ရောင်းချနေတဲ့နေရာမှာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ရောင်းချလျက်ရှိတဲ့ စိုက်ပျိုးရေးဆေးများထက် ဈေးနှုန်းနှစ်ဆခန့်မြင့်မားနေတဲ့အတွက်ကြောင့်မို့လို့ ဈေးနှုန်းသက်သက်သာသာနှင့် ပြည်တွင်းတောင်သူလယ်သမားများ ဝယ်ယူရရှိနိုင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကုမ္ပဏီများကနေပြီးတော့ တင်သွင်းဖို့ကို နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ နိုင်ငံတော်စိုက်ဘဏ်ကနေပြီးတော့ ထုတ်ချေးနေတဲ့ တောင်သူလယ်သမားစိုက်ပျိုးစရိတ် ချေးငွေတွေဟာဆိုရင် ကျွန်တော်တို့ လယ်ပိုင်ရှင်များကသာ ချေးယူရရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ အမှန်တကယ် လယ်လုပ်တဲ့တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးချိန်မှာဆိုလို့ရှိရင် လယ်ပိုင်ရှင်များထံမှတစ်ဆင့် ပြန်ပြီးတော့ချေးနေတဲ့အတွက် အတိုးနှုန်းတွေပေးပြီးတော့ ဆောင်ရွက်နေရပါတယ်။ ဒါ့ကြောင့်မို့လို့ အမှန်တကယ်စိုက်ပျိုးနေတဲ့ လယ်သမားများအတွက် စိုက်ဘဏ်စာအုပ်တွေဖွင့်လှစ်ပြီးတော့ လယ်သမားများအတွက် စိုက်ဘဏ်မှ ငွေချေးယူနိုင်ခြင်းရှိ/မရှိနှင့် နိုင်ငံတော်မှထုတ်လုပ်ဖြန့်ဖြူးလျက်ရှိတဲ့ ယူရီးယားဓာတ်မြေဩဇာကို တောင်သူလယ်သမားများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုရင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း

ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သော ဆန်စပါးအပါအဝင် ဈေးကွက်ဝင်သီးနှံများကို တစ်ဧက အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးတတ်လာစေရန်ရည်ရွယ်၍ အထွက်နှုန်းယှဉ်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပါတယ်။

ထိုသို့ အထွက်နှုန်းယှဉ်ပြိုင်စိုက်ပျိုးရာတွင် မြို့နယ်တစ်ခု သို့မဟုတ် ကွင်းတစ်ခု ကိုယ်စားပြုနိုင်ရန်အတွက် စပါးသီးနှံကို ၁၀ ဧက တစ်ဆက်တစ်စပ်တည်းဖြစ်ရမည်ဟု စည်းကမ်းသတ်မှတ်ထားခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တောင်သူများသည် တစ်ဦးတည်း သို့မဟုတ် အသင်းအဖွဲ့အလိုက် သို့မဟုတ် ဌာနဆိုင်ရာအလိုက်၊ မည်သည့် စပါးမျိုးနှင့်မဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားပါတယ်။ ပြိုင်ပွဲဆုငွေအား ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်း၊ တတိယဆု ငါးသိန်းနှင့် နှစ်သိမ့်ဆုများအား သုံးသိန်းစီ ချီးမြှင့်ထောက်ပံ့ပေးမည်ဖြစ်ပြီး တောင်သူလယ်သမားအများစု ပါဝင်ယှဉ်ပြိုင်လိုပါက ပြိုင်ပွဲ ဝင် ၁၀ ဧကပြည့်မီရန် စုပေါင်း၍ ယှဉ်ပြိုင်ခွင့်ပြုထားပါသဖြင့် ငါးဧကပြိုင်ပွဲသို့ ပြင်ဆင်ပေးရန်အစီအစဉ်လောလောဆယ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ထို့အတူ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရန်ရည်ရွယ်၍ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တဲ့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကိုလည်း ၂၀၁၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်မယ့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြိုင်ပွဲကိုလည်း ကျင်းပပြုလုပ်ပေးမည် ဖြစ်ပါတယ်။ သီးနှံမျိုးကွဲတစ်ခုအား မျိုးအဖြစ် အသုံးပြုမည်ဆိုလျှင် အဲ့ဒီသီးနှံရဲ့ မျိုးသန့်ပြန့်မှု (Purity) ၉၈ ရာခိုင်နှုန်း၊ အပင်ပေါက်မှု (germination) ၈၀ ရာခိုင်နှုန်းအထက် အစိုဓာတ် (Moisture Content) ၁၃ ရာခိုင်နှုန်းရှိရန်ဖြစ်ပြီး မျိုးကောင်းမျိုးသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးမည်ဆိုပါက ၎င်းသီးနှံဟာ ရေမြေဒေသနှင့် ကိုက်ညီဖြစ်ထွန်းမှုရှိ/မရှိ၊ သားဆက်တစ်လျှောက် အပင်ညီညာမှု (Uniformity) ရှိ/မရှိ၊ သားဆက်အဆက်ဆက်မျိုးဖောက်ပြန်မှု/ဗီဇတည်ငြိမ်မှု (Stability) ရှိ/မရှိ၊ လက်ရှိပြည်တွင်းမှာ စိုက်ပျိုးနေသော မျိုးများထက်သာလွန်မှု ရှိ/မရှိ သုတေသနပြု စမ်းသပ်

စိုက်ပျိုးရန်လိုအပ်ပြီး ဖော်ပြပါအရည်အချင်းလက္ခဏာများနှင့် ပြည့်စုံပါက မျိုးကောင်းမျိုးသန့်အဖြစ် မှတ်ပုံတင်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

ထို့အပြင် စားသုံးမှုအရည်အသွေးကောင်းမွန်မှုနှင့် ဈေးကွက်ရရှိနိုင်မှု၊ မိဘမျိုးများရရှိနိုင်မှုတို့ ကိုပါ ထည့်သွင်းစဉ်းစားရပါတယ်။ မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်သူဟာ မိဘမျိုးစေ့ (Breeder Seed)၊ ဆင့်ပွားမျိုးစေ့ (Foundation Seed)၊ မျိုးသန့်မျိုးပွားမျိုးစေ့ (Registered Seed)နှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed) စတဲ့ မျိုးစေ့စီးဆင်းမှု (Seed Flow) တွေကို တာဝန်ယူပြီး မျိုးသန့်စင်မှုအာမခံရန် အထူးအရေးကြီးပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ မျိုးကွဲအများအပြား ပြန့်နှံ့ စိုက်ပျိုးခြင်းကြောင့် မျိုးရောနှောမှု ဖြစ်ပေါ်လျက်ရှိပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရာမှာ အရည်အသွေးကျဆင်းပြီး အကျိုးအမြတ်နည်းပါးနေရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ စပါးသီးနှံတွင် တစ်ဧက တင်း ၂၀၀ နှင့် အထက်ထွက်ရှိသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရေးကို တောင်သူလယ်သမား များ ဝင်ငွေတိုးမြင့်ရရှိစေရေးအကျိုးငှာ ကျယ်ပြန့်စွာစိုက်ပျိုးလာနိုင်ရေး၊ ဈေးကွက်ခိုင်မာမှုရရှိလာ စေရေးတို့အတွက် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ် အပါအဝင် ဆန်စပါးအထူးပြုကုမ္ပဏီ များနှင့် ညှိနှိုင်းပေါင်းစပ်၍ သတ်မှတ်ဈေးနှုန်းဖြင့် ကြိုတင်ဝယ်ယူရေးကိုလည်း စီစဉ်ဆောင်ရွက်ပေး လျက်ရှိပါတယ်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ တရုတ်နိုင်ငံမှ ကမာ (၃) စပါးမျိုးကဲ့သို့ ဈေးကွက်သေချာပြီး အထွက်နှုန်းကောင်းမွန်တဲ့ အရည်အသွေးကောင်း စပါးမျိုးများကိုလည်း တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်စေရေးအတွက် တည်ဆဲဥပဒေနဲ့အညီ တင် သွင်းခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ထို့အပြင် အရည်အသွေးကောင်းဆန်များ ရရှိစေရန်အတွက် အရည် အသွေးမြင့် ဆန်စက်များတည်ထောင်၍ ကြိတ်ခွဲနိုင်ရေးကိုလည်း ဆန်စက်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တောင်သူလယ်သမားများအတွက် ရေရှည်အကျိုး အမြတ်သေချာတဲ့ သီးနှံများအား စဉ်ဆက်မပြတ် ဆက်လက်ရှာဖွေဖော်ထုတ် ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း ဖြေကြားအပ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ အရည်အသွေးပြည့်ဝပြီး၊ ဈေးနှုန်းမှန်ကန်သည့်ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် သွင်းအားစုများကို တောင်သူလယ်သမားများ အလွယ်တကူဝယ်ယူ အသုံးပြုနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များမှ ပြည်တွင်းမှာထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်လျက်ရှိပါတယ်။

တောင်သူလယ်သမားအဖွဲ့အစည်းများ သို့မဟုတ် ကုမ္ပဏီများမှ ပိုးသတ်ဆေးများကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်သွင်းလိုပါက မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှာ တင်သွင်းလိုတဲ့ပိုးသတ်ဆေးအတွက် မှတ်ပုံတင်လျှောက်ထားရပါတယ်။ တင်သွင်းတဲ့ပိုးသတ်ဆေးဟာ မြန်မာနိုင်ငံမှာ ပိုးသတ်ဆေးမှတ်ပုံတင်အမှတ် ရရှိထားသောပိုးသတ်ဆေး ဖြစ်ရပါမယ်။ တင်သွင်းသူ သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူများဟာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှဖွင့်လှစ်တဲ့ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းတက်ရောက်ပြီး လက်မှတ်ရရှိထားသူဖြစ်ရပါမယ်။ တင်သွင်းသူ သို့မဟုတ် အဖွဲ့အစည်းမှအတွင်းရေးမှူး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ လိပ်မူ၍ ပိုးသတ်ဆေးနမူနာ၊ ပိုးသတ်ဆေးမှတ်ပုံတင်အမှတ် (Certificate) မိတ္တူ၊ သက်ဆိုင်ရာထုတ်လုပ်သောကုမ္ပဏီရဲ့ သဘောတူညီချက်အပါအဝင် လိုအပ်တဲ့အထောက်အထားအချက်အလက်စာရွက်စာတမ်းများပူးတွဲပြီး လျှောက်ထားရပါတယ်။

လိုအပ်တဲ့အချက်အလက်များ ပြည့်စုံပါက အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်ထုတ်ပေးမှာဖြစ်ပြီး သက်ဆိုင်ရာကုန်သွယ်ရေးဦးစီးဌာနသို့ လျှောက်ထားရမှာ ဖြစ်ပါတယ်။ ဓာတ်မြေသြဇာ ဖြန့်ဖြူးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် စွမ်းအင်ဝန်ကြီးဌာနအောက်တွင်ရှိတဲ့ ဓာတ်မြေသြဇာစက်ရုံများဖြစ်တဲ့ စလေဓာတ်မြေသြဇာစက်ရုံ၊ ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံ၊ ကျော်စွာဓာတ်မြေသြဇာစက်ရုံ၊ မြောင်းတကာဓာတ်မြေသြဇာစက်ရုံနှင့် ပုသိမ်ဓာတ်မြေသြဇာစက်ရုံများက ယူရီးယားဓာတ်မြေသြဇာများကို ထုတ်လုပ်ပေးလျက်ရှိပါတယ်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များက မိမိပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း တောင်သူလယ်သမားများ စိုက်ပျိုးမယ့် သီးနှံများအတွက် ယူရီးယားဓာတ်မြေသြဇာ လိုအပ်ချက်ကို စွမ်းအင်ဝန်ကြီးဌာနသို့ တိုက်ရိုက်ဆက်သွယ်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်

ဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်းနှင့် ဆန်စပါးလုပ်ငန်းရှင် အသင်းအဖွဲ့များမှလည်း စွမ်းအင်ဝန်ကြီး ဌာနမှ ယူရီးယားဓာတ်မြေဩဇာများကို စွမ်းအင်ဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူပြီး တောင်သူလယ်သမားများကို ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ နိုင်ငံတော်ရဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နိုင်ငံတော်၏ စျေးကွက်စီးပွားရေးစနစ်မူဝါဒအရ ၂၀၀၆ ခုနှစ်မှစပြီး ဓာတ်မြေဩဇာ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လယ်/ဆည်ဝန်ကြီးဌာနမှ ဆောင်ရွက်ခြင်း မပြုတော့ပါကြောင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဓာတ်မြေဩဇာများကို နိုင်ငံခြားမှတင်သွင်း ဖြန့်ဖြူးခြင်းကို ခွင့်ပြုထားပြီးဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဓာတ်မြေဩဇာများကို တိုက်ရိုက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှ ပြဋ္ဌာန်းပေးထားတဲ့ မြေဩဇာဥပဒေ၊ မြေဩဇာဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် အညီ တောင်သူလယ်သမားများ အရည်အသွေးမှန်ကန်တဲ့ ဓာတ်မြေဩဇာများ စနစ်တကျအသုံးပြုနိုင် ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှာရှိတဲ့ ဓာတ်ခွဲခန်းများက စစ်ဆေးပေးလျက် စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဓါတ်မြေဩဇာများကို တင်သွင်းနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် တောင်သူလယ်သမားများ ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာ အတုအပများ အသုံးပြုနေခြင်းမှ ကာကွယ်နိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေ့စဉ်ထုတ်သတင်းစာများမှာလည်း ကြော်ငြာပေးထားပြီးဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာမှာ ငွေချေးသူဟာ အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ပြီး သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုတွင် အမြဲနေထိုင်သူဖြစ်ရပါမယ်။ အိမ်ထောင်စုစာရင်း သီးခြားရှိ လျက် အိုးစားခွဲအိမ်ထောင်ဦးစီး ဖြစ်ရပါမယ်။ လယ်ယာလုပ်ငန်းကို အမှန်တကယ် စိုက်ပျိုးလုပ်ကိုင် သူဖြစ်ရပါမယ်။ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်ရရှိပြီးသူ သို့မဟုတ် လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်ခြင်းအတွက် သက်ဆိုင်ရာဌာနရဲ့ ထောက်ခံချက်ရရှိသူ ဖြစ်ရပါမယ်။ ဖော်ပြပါအချက်များနှင့် ကိုက်ညီပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ ငွေစုစာအုပ်စာရင်းဖွင့်ပြီး ချေးငွေများ ထုတ်ချေးနိုင်မည်ဖြစ်ပါကြောင်း ဒေသခံတောင်သူများ၏ အကျိုးစီးပွားအတွက် ရှေးရှု၍ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်အပ်ပါတယ်။ (ဩဘာသံများ)

**Organic သီးနှံစိုက်ပျိုးရေးဇုန်များ(သို့) Organic သီးနှံစိုက်ပျိုးသည့် မြို့ပြအသစ်များ တည်ထောင် ဆောင်ရွက်ပေးရန်နှင့် လက်ရှိ Organic Farming လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သန့်၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်း ရင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လျော့နည်းနေသေးသည်နှင့်အမျှ ပြည်သူလူထု၏ကျန်းမာရေး အပိုင်းမှာလည်း ရောဂါမျိုးစုံဖြင့် ရင်ဆိုင်တွေ့ကြုံခံစားနေကြရတာကိုလည်း တွေ့ရှိနေရပါတယ်။ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ တီဘီရောဂါ၊ ကျောက်ကပ်ရောဂါ၊ HIV ရောဂါ၊ အသည်း ရောဂါ၊ ဘီပိုး၊ စီပိုးစသည်ဖြင့် ရောဂါကြီးများကို ပြည်သူများခံစားနေကြရတဲ့အတွက် ပြည်သူ့ဆေးရုံ ကြီးများ၊ အမြို့မြို့အနယ်နယ်မှာရှိတဲ့ ဆေးရုံငယ်များ၊ ပြင်ပဆေးကုသခန်းများမှာ နေ့စဉ်နှင့်အမျှ ရောဂါဝေဒနာရှင်ပြည်သူများ စည်ကားလျက်ရှိပြီး အရွယ်မတိုင်မီ အသက်ဆုံးရှုံးမှုများနှင့်လည်း ကြုံတွေ့ နေကြရပါတယ်။ ရောဂါဖြစ်ပွားစေမှု အကြောင်းရင်းများစွာရှိသည့်အနက် ခန္ဓာကိုယ်အတွင်း ကျောက်တည်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဓာတုဗေဒဆေးများကြောင့် ရောဂါဖြစ်ခြင်း၊ ဓာတ်ရောင်ခြည် အမျိုးမျိုး ကြောင့်ရောဂါဖြစ်ခြင်း၊ ရောဂါဖြစ်စေသည့် ပိုးမွှားအမျိုးမျိုးကြောင့် ပြည်သူများရောဂါမျိုးစုံ ခံစားနေရကြောင်း ကျန်းမာရေးဆိုင်ရာပညာရှင်ကြီးများက ထုတ်ဖော်ရေးသားပညာပေးနေကြသည် ကိုလည်း လေ့လာကြားသိတွေ့မြင်နေရပါတယ်။

ခန္ဓာကိုယ်အတွင်းသို့ အသက်ရှူလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်းနှင့် အရေပြားတို့မှ တစ်ဆင့်ဝင်ရောက်နေကြတဲ့ အဆိပ်များဖြစ်တဲ့ မှိုဆိပ်၊ ခဲဆိပ်၊ အာဆင်းနစ်၊ မာကျူရီ၊ ကယ်လ်ဒမီရမ်၊ ဒိုင်အိုစင်နှင့်သတ္တုဓာတ်များ၊ Heavy metal များသာမက စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေမှာ အသုံးပြုနေတဲ့ ဓာတုဗေဒပစ္စည်းများ ဝင်ရောက်လာကြတဲ့အတွက် ဦးနှောက်နှင့်အာရုံကြောများ၊ အသည်း၊ နှလုံး၊ ကျောက်ကပ်နှင့် ကိုယ်တွင်းအရေးကြီးအစိတ်အပိုင်းများကို တဖြည်းဖြည်းဝါးမျိုခံရပြီး အသက်အန္တရာယ်ကို ထိခိုက်စေလျက်ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ယင်းသို့စားသုံး သူပြည်သူများ ရောဂါမျိုးစုံခံစားနေကြရတဲ့အတွက် တိုးတက်ခေတ်မီတဲ့နိုင်ငံကြီးများမှာ ပြည်သူများ နေ့စဉ်နှင့်အမျှမရှိမဖြစ် စားသုံးနေကြရတဲ့သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာမှာ လက်ရှိအသုံးပြုနေတဲ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဟော်မုန်းစတဲ့ ဓာတုဗေဒပစ္စည်းများကို အသုံးပြုစိုက်

ပျိုးမည့်အစား Organic ဓာတ်များပါဝင်တဲ့ပစ္စည်းများကို အသုံးပြုတဲ့ Organic စိုက်ပျိုးရေးကို တတ်နိုင်သမျှပြောင်းလဲစိုက်ပျိုးထုတ်လုပ်နေခြင်းကြောင့် ပြည်သူများရောဂါဖြစ်ပွားမှုနှုန်းများ လျော့နည်းကျဆင်းခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ပြည်သူများ၏ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများ ရရှိစေနိုင်ရန်ရည်ရွယ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတွင် Organic သီးနှံစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ အောက်ဖော်ပြပါမေးခွန်းကိုမေးမြန်းလိုပါတယ်။ မေးခွန်းကတော့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြည်သူများအားလုံး ကျန်းမာအသက်ရှည်ရေးနှင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ရေးအတွက် အကျိုးဖြစ်ထွန်းစေမည့် Organic သီးနှံများ၊ စိုက်ပျိုးရေးဇုန်များ သို့မဟုတ် Organic သီးနှံစိုက်ပျိုးသည့် မြို့ပြအသစ်များ တည်ထောင်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိနှင့် လက်ရှိဆောင်ရွက်နေသည့် Organic Farming လုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေ နောင်တွင်တိုးချဲ့စိုက်ပျိုးနိုင်မည့် အလားအလာအခြေအနေနှင့် အဓိကရင်ဆိုင်ဖြတ်ကျော်ရမည့် အခက်အခဲများကို ပြည်သူများသိရှိနိုင်စေရန်အတွက် ရှင်းလင်းတင်ပြပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော်ကဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း သီးနှံများစိုက်ပျိုးထုတ်လုပ်ရာမှာ ဓာတုဗေဒသွင်းအားစုများ အသုံးပြုမှုဟာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက လွန်စွာနည်းပါးလျက်ရှိပါတယ်။ Organic စိုက်ပျိုးရေးဇုန်တစ်ခု တည်ထောင်၍ သီးနှံများစိုက်ပျိုးထုတ်လုပ်မည်ဆိုပါက Organic သီးနှံစိုက်ပျိုးထုတ်လုပ်လိုတဲ့လုပ်ငန်းရှင်များနှင့် ငွေကြေးအရင်းအနှီး၊ သီးနှံစိုက်ပျိုးရန်အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ Organic သီးနှံများစားသုံးလိုကြတဲ့ပြည်သူများ၊ ရောင်းချမည့်ဈေးကွက်ဖော်ဆောင်နိုင်မှုအပါအဝင်၊ နိုင်ငံတကာအသိအမှတ်ပြု စစ်ဆေးရေးအဖွဲ့များနှင့် Organic သီးနှံအသိအမှတ်ပြုလက်မှတ်ထုတ်ပေးသော အဖွဲ့အစည်းများ လိုအပ်မည်ဖြစ်ပါတယ်။ Organic Zone

အဖြစ်သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာဒေသရှိ စိုက်ပျိုးထုတ်လုပ်သူများက Organic စိုက်ပျိုးရေးဇုန်တစ်ခု တည်ထောင်လိုပါကြောင်း တရားဝင်လျှောက်ထားလာလျှင် Organic Zone တစ်ခုအဖြစ် သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ အတည်ပြုထောက်ခံချက်ရယူ၍ သက်ဆိုင်ရာအထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်တင်ပြဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ Organic နည်းပညာအသုံးပြု၍ Organic စိုက်ပျိုးရေး (Organic Farming)သို့ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စိုက်ခင်းများမှာ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ နေပြည်တော်မှာ နေပြည်တော် Organic Zone (၁၀၀)ဧက၊ ရှမ်းမောမြေကုမ္ပဏီမှ အင်းလေးဒေသမှာ ဆောင်ရွက်လျက်ရှိတဲ့ Organic စိုက်ခင်းများ၊ စူပရင်းကုမ္ပဏီများ အုပ်စုက ပန်းတနော်ဒေသမှာ ဆောင်ရွက်လျက်ရှိတဲ့ Organic စိုက်ခင်းများ၊ Fame ဆေးဝါးလုပ်ငန်းရဲ့ပြည်နယ်/ တိုင်းဒေသကြီးအချို့ရှိ Organic ဆေးဝါးပင်များစိုက်ခင်းများ၊ ပဲခူးတိုင်းဒေသကြီး ၁၀ မိုင်ကုန်းမှာ ဇမ္ဗူထွန်း Organic သရက်သီးစိုက်ပျိုးထုတ်လုပ်ရေး၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှာ Organic ပေါ်ဆန်းမွှေးဆန် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်မှာ Nara Organic Green Tea လက်ဖက်ခြောက် ၆၀ ဧကတို့ကို စိုက်ပျိုးထုတ်လုပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ Organic စိုက်ပျိုးရေးအတွက် လိုအပ်တဲ့သဘာဝအရင်းအမြစ်များဖြစ်တဲ့ သစ်ရွက်စိမ်းမြေသြဇာများရရှိနိုင်သော အပင်အမျိုးမျိုး၊ ဓာတုပိုးသတ်ဆေး အစားထိုးသုံးစွဲရန် ပိုးသတ်ဆေးအာနိသင်ပါဝင်တဲ့ မဲရိုင်း၊ တမာ၊ ပင်စိမ်း၊ ဆေးဂန္ဓမာ၊ မဲဒီဒုတ် အစရှိတဲ့ သဘာဝအရင်းအမြစ်များနှင့် Organic စိုက်ပျိုးရေးအတွက် အကူအညီရရှိနိုင်သော ဇီဝမျိုးကွဲများပေါများကြွယ်ဝခြင်းတို့ကြောင့် Organic စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများစွာ ရှိနေပါတယ်။ သို့သော်လည်း Organic သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေမှာ ပြည်တွင်းမှာ စားသုံးလိုတဲ့ပြည်သူများ၏ လိုအပ်ချက်နှင့် ပြည်ပဈေးကွက်လိုအပ်ချက်၊ စိုက်ပျိုးထုတ်လုပ်လိုတဲ့ စီးပွားရေးလုပ်ငန်းရှင်များအပေါ် မူတည်လျက်ရှိပါတယ်။

Organic Zone တစ်ခုတည်ထောင်ရန်အတွက် သမားရိုးကျစိုက်ပျိုးရေးစနစ်မှ Organic စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရာမှာ အသွင်ကူးပြောင်းချိန်ကာလအားဖြင့် ရာသီသီးနှံများမှာ နှစ်နှစ်

နှင့်နှစ်ရှည်သီးနှံများတွင် သုံးနှစ်လိုအပ်မှာဖြစ်ပါတယ်။ Organic သီးနှံများစိုက်ပျိုးရာတွင် မြေဧရိယာတစ်ခုအတွင်း Organic စိုက်စနစ်တစ်မျိုးတည်းကိုသာ စဥ်ဆက်မပြတ် စိုက်ပျိုးရမှာဖြစ်ပါတယ်။ Organic စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးနည်းစနစ်များ၊ ထုတ်လုပ်မှုစနစ်များ၊ တင်သွင်းအသုံးပြုတဲ့ကုန်ကြမ်းပစ္စည်းများ၊ စိုက်ပျိုးမယ့်မြေရဲ့ရာဇဝင်၊ ရေသွင်းရေထုတ်စနစ်များ၊ သိုလှောင်ဖြန့်ဖြူးမှုစနစ်များအပါအဝင် ရိတ်သိမ်းခူးဆွတ်သည့်မှစျေးကွက်သို့ Organic စံသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။

Organic Zone သတ်မှတ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များမှာ (က) Organic Zone တည်ထောင်ရန် အသုံးပြုမည့်မျိုးစေ့နှင့် မျိုးပွားအစိတ်အပိုင်းများဟာ မူလ Organic စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော အရင်းအမြစ်များမှ ရယူရန်လိုအပ်ခြင်း၊ (ခ) မြေဆီသြဇာထက်သန်စေရန် မြေဆီလွှာပြုပြင်ရာမှာ ထည့်သွင်းအသုံးပြုမယ့်ပစ္စည်းများမှာ အပင်နှင့်တိရစ္ဆာန်တို့၏အကြွင်းအကျန်(Biomass)များ၊ အဏုဇီဝသက်ရှိများနှင့် သစ်စိမ်းမြေသြဇာများကိုအသုံးပြုရန်လိုအပ်ခြင်း၊ သို့ရာတွင် ဗီဇပြုပြင်ထားသောစိုက်ခင်းမှ ဘေးထွက်ပစ္စည်းများ၊ စက်ရုံများမှ ဘေးထွက်ပစ္စည်းများနှင့် ဓာတုပစ္စည်းများအသုံးပြုထားတဲ့ သစ်တောထွက်ပစ္စည်းများကို ထည့်သွင်းအသုံးပြုခြင်းမှ ရှောင်ကြဥ်ရန်လိုအပ်ခြင်း၊ (ဂ) အပင်ပိုးမွှားနှင့်ရောဂါများကျရောက်မှုမှ ကာကွယ်နိုင်ရန်ခံနိုင်ရည်ရှိသော အပင်မျိုးစိတ်များနှင့်မျိုးကွဲများ ရွေးချယ်အသုံးပြုခြင်း၊ ဇီဝနည်းပညာများအသုံးပြုပြီးကာကွယ်နှိမ်နင်းခြင်း၊ Organic စနစ်ဖြင့် စိုက်ပျိုးထားသောသီးနှံမျိုးစေ့များကို အသုံးပြု၍ သီးလှည့်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ပိုးမွှားများနှိမ်နင်းရာမှာ သဘာဝမိတ်ဆွေပိုးများပွားများ၍ ကာကွယ်နှိမ်နင်းသည့်စနစ်ကို အသုံးပြုရန်လိုအပ်ခြင်း၊ ဓာတုဗေဒပိုးသတ်ဆေးများ လုံးဝအသုံးမပြုပဲ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေသော သီးနှံကာကွယ်တဲ့နည်းလမ်းများကိုသာ အသုံးပြုရန်လိုအပ်ခြင်း၊ ထွက်ရှိလာတဲ့ Organic ထုတ်ကုန်များအတွက် Organic ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုရန်လိုအပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စျေးကွက်ဖြန့်ဖြူးရောင်းချခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်မှာ Organic စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် အချက်များဖြစ်ပါတယ်။ အထက်ဖော်ပြပါ Organic စံချိန်စံညွှန်းများနှင့် ၇၅ ရာခိုင်နှုန်းကိုက်ညီမှုရှိပါက Organic သို့ကူးပြောင်းဆဲထုတ်ကုန်အဖြစ် အမှတ်တံဆိပ်ကပ်၍ရောင်းချနိုင်ပြီး အနည်းဆုံးစံချိန်စံညွှန်း ၉၅ ရာခိုင်နှုန်းကိုက်ညီမှုရှိမှသာ Organic စိုက်ပျိုးရေးထုတ်ကုန်အမှတ်တံဆိပ်အဖြစ် စျေးကွက်တွင်ဖြန့်ဖြူးရောင်းချနိုင်မှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနဟာ အော်ဂဲနစ်စံသတ်မှတ်ချက်နှင့်အညီ Organic စိုက်ပျိုးရေးဇုန်တစ်ခု တည်ထောင်၍ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်တဲ့နည်းပညာသင်တန်းများကို ပို့ချပေးခြင်း၊ စိုက်ခင်းများသို့ကွင်းဆင်း၍ စစ်ဆေးပေးခြင်းနှင့် နည်းပညာအရ လိုအပ်ချက်များ ကူညီပံ့ပိုးခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်မှာ Organic ထုတ်ကုန်များအဖြစ် တင်ပို့ရောင်းချနိုင်ရန်အတွက် NGO, INGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍စစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအားလုံး၏ ကျန်းမာရေး၊ အသက်ရှည်ရေးနှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်သူများသိရှိနိုင်ပါရန်ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ရှိအပ်ပါတယ်။(ဩဘာသံများ)

**လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ လျော်ကြေးငွေရရှိရေးတင်ပြခြင်း၊ သိမ်းဆည်းခံပလပ်မြေများပြန်လည်ရရှိရေး တောင်းခံခြင်းတို့ကို အစိုးရအုပ်ချုပ်ရေးအပိုင်းမှ မည်သို့ဖြေရှင်းဆောင်ရွက်မည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့်ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနကိုရည်ရွယ်ပြီးတော့ မေးမြန်းခဲ့တဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ယနေ့အခြေအနေအရ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံသွားတဲ့အချိန်မှာ လယ်ယာမြေသိမ်းဆည်းခြင်းဟာ ကြီးမားတဲ့အဟန့်အတားတစ်ခုဖြစ်ပါတယ်။ စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်နေတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုဘက်ကကြည့်ရင် ပြည်သူလူထုဟာ ခေတ်အဆက်ဆက်က သိမ်းဆည်းခဲ့တဲ့သူတို့ရဲ့လယ်ယာမြေတွေကို စီမံကိန်းအရဆောင်ရွက်ပြီးရင် လျော်ကြေးငွေလိုချင်တယ်။ စီမံကိန်းမှာမသုံးခဲ့ရင် ပလပ်မြေတွေကို ပကတိမြေအတိုင်းပြန်လိုချင်ပါတယ်။ ဒါလယ်သမားများရဲ့ဆန္ဒဖြစ်ပါတယ်။ သို့သော် ယနေ့ ဒါတွေကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် သူတို့လည်းမျှော်လင့်စောင့်စားနေရတဲ့အခြေအနေဖြစ်ပါတယ်။ လွှတ်တော်ဘက်ကကြည့်ရင် ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သက်ဆိုင်ရာနယ်မြေအလိုက်

လယ်သမားများရဲ့အရေးကိစ္စကို တိုင်းဒေသကြီးဝန်ကြီးချုပ်များကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အားလုံးလည်း ပြည့်စုံကုံလုံသွားပြီဖြစ်ပါတယ်။ အလားတူ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်အနေနဲ့လည်း ကော်မရှင်ဖွဲ့ပြီးတော့ မြန်မာနိုင်ငံအနှံ့အပြားအားလုံးမှာ ကြားနာစစ်ဆေးပြီးတော့ တွေ့ရှိချက်များကို နိုင်ငံတော်အစိုးရအဖွဲ့ကိုပေးပို့ပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ လွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များဘက်က တာဝန်က တော်တော်လေးပြီးဆုံးနေပြီဖြစ်ပါတယ်။ ပြည်သူလူထုဘက်က လိုလားချက်ကမရသေးဘူးဖြစ်ပါတယ်။ ဒါကိုဖြေရှင်းပေးရမှာ အစိုးရအဖွဲ့အစည်းဖြစ်ပါတယ်။ ဒီကိစ္စဟာ သာမန်ကြည့်မယ်ဆိုရင်တော့ သာမန်မျှသာမြင်ရမှာဖြစ်ပါတယ်။ သို့သော် ကျွန်တော် ဟိုတစ်နေ့ကတင်ပြခဲ့တဲ့ တရားဥပဒေစိုးမိုးရေးရဲ့အခြေခံလည်း ဒီအချက်ပဲဖြစ်ပါတယ်။ ဒါကြောင့် မစည်းကားသင့်တဲ့ ရုံးတွေ၊ တရားရုံးတွေမှာ များစွာလူတွေစည်ကားနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့ အခက်အခဲရှိမှာကိုလည်းနားလည်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကော်မရှင်ကနေပေးလိုက်တဲ့ အကြောင်းအရာများသည် အုပ်ချုပ်ရေးပိုင်းအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ကို မြေပြင်မှာ လက်ရှိရောက်ရှိနေပါပြီ။ မြေပြင်မှာ ကွင်းဆင်းပြီးတော့ ပြန်လည်စစ်ဆေးနေတာကိုလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတဲ့အချက်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်များက ကိုင်တွယ်ဖြေရှင်းနေတာကိုလည်းတွေ့ရပါတယ်။ ယခုအချိန်မှာ အရေအတွက်အလွန်နည်းတဲ့အတွက်ကြောင့် လယ်သမားများအနေနဲ့ ဒါကိုလိုလားတောင့်တနေတာဖြစ်ပါတယ်။ ဒီအချိန်မှာ လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဘက်ဂျတ်မှာ လျော်ကြေးငွေများပါလေမလားဆိုပြီးတော့ စောင့်မျှော်နေတာကိုလည်းတွေ့ရပါတယ်။ ဒီနေ့ရောက်ရှိလာတဲ့ဘဏ္ဍာနှစ်မှာ ကျွန်တော် ဟိုတစ်နေ့ကတင်ပြသလိုပဲ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းစဉ်မှာ လျော်ကြေးပေးလျော်မယ်လို့ပါ ပါတယ်။ ဒါအားလုံးကလည်း ဝမ်းသာနေကြပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှာတော့ သန်းပေါင်း ၄၂၈.၂၈ သန်းကို ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး လေးခုမှာ လျော်ထားတာကိုတွေ့ရပါတယ်။ ဒီမြေတွေက ဒီနှစ်မှာ ရဲစခန်းများတိုးချဲ့ဖွင့်လှစ်တဲ့အတွက်ကြောင့် လျော်ကြေးငွေပေးတဲ့အနေအထားဖြစ်ပါတယ်။ အဲ့ဒီတော့ နိုင်ငံတော်အစိုးရက ဒါကို မြန်မြန်ရှင်းဖို့အရေးကြီးလိုအပ်ပါတယ်။ တကယ်လို့ရှင်းရင် ဘာဖြစ်မလဲ။ မရှင်းရင်ဘာဖြစ်မလဲ။ မရှင်းလို့ရှိရင် မမျှော်မှန်းနိုင်သော တရားဥပဒေစိုးမိုးရေးတွေဖြစ်လာနိုင်ပါတယ်။ အလားတူ ပြီးခဲ့တဲ့အပတ်က ကျွန်တော် တနင်္လာနေ့မှာတင်ပြတော့ ဗုဒ္ဓဟူးနေ့မှာ မြန်မာနိုင်ငံမှာ ကျူးကျော်တဲတွေကိုရှင်းပါတယ်။ ဒါလည်း ဝမ်းသာစရာဖြစ်ပါတယ်။ သို့သော်

ကျူးကျော်တဲ့သူတွေက မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်။ သူတို့အတွက်လည်း တစ်နည်းနည်းနဲ့တော့ စဉ်းစားပေးရမှာဖြစ်ပါတယ်။ တကယ်လို့ မစဉ်းစားနိုင်ရင်လာမယ့်ကာလမှာ ကျူးကျော်များသည် ဆန္ဒပြတဲ့အလုပ်သမားတွေ ဖြစ်သွားနိုင်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ထည့်ပြီးတော့စဉ်းစားဖို့ တင်ပြလိုပါတယ်။ တကယ်လို့ ရှင်းပေးလိုက်မယ်ဆိုရင် လယ်ယာမြေတွေပြန်ရမယ်။ ပလပ်မြေတွေ သူတို့ပြန်ရမယ်။ လျော်ကြေးငွေတွေရမယ်။ ရတဲ့အတွက်ကြောင့် ဒီနေရာမှာ ကျွန်တော်တို့ စောင့်စား နေတဲ့ FDI နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာပါမယ်။ အလုပ်သမားတွေ အလုပ်အကိုင်တွေရရှိလာပါ မယ်။ ဒီအကျိုးတွေ ရရှိလာတဲ့အတွက်ကြောင့် တိုင်းပြည်ရဲ့တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု များစွာအထောက်အကူပြုနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနှစ် အမျိုးသားစီမံကိန်းမှာ နိုင်ငံတော်အစိုးရဘက်က အမိကဖောင်းပေးရေးသားထားတာဟာ ဗဟိုကိုချုပ်ကိုင်မှု လျှော့ချခြင်း ဖြစ်ပါတယ်။ ဒါက အလွန်ကောင်းတဲ့အချက်ဖြစ်ပါတယ်။ သို့သော် နေရာတိုင်းမှာတော့ ချက်ချင်းကြီး လျှော့ချဖို့မသင့်ဘူးလို့ထင်ပါတယ်။ ယနေ့တွေ့မြင်နေရတာက တိုင်းဒေသကြီးတာဝန်ရှိတဲ့လူတွေ၊ ခရိုင်တာဝန်ရှိတဲ့လူတွေ၊ မြို့နယ်တာဝန်ရှိတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးတောင်မှ ဒီလိုအခင်းဖြစ်ပွားတဲ့ နေရာတွေကိုမလာတော့ဘဲနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ပေးထားတဲ့အတွက်ကြောင့် ဗဟိုချုပ်ကိုင်မှုကို လွန်စွာလျှော့ချလိုက်ရင် မြန်မာနိုင်ငံကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးက အုပ်ချုပ်နေတဲ့ ပုံသဏ္ဍာန်ဖြစ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ကျွန်တော် မေးလိုတဲ့မေးခွန်းက တော့ အစိုးရအဖွဲ့အုပ်ချုပ်ရေးအပိုင်းကနေပြီးတော့ သိမ်းဆည်းလယ်ယာမြေတွေကို လျော်ဖို့ကိစ္စနှင့် ပတ်သက်ပြီးတော့ ဖြေရှင်းဆောင်ရွက်တာ ဘယ်လိုဆောင်ရွက်မလဲ။ ဘယ်အချိန်မှာဆောင်ရွက်ပြီး တော့ ဘယ်အချိန်မှာပြီးမယ်လို့ခန့်မှန်းထားပါသလဲလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်မောင်ဦး၏ ကြယ်ပွင့်ပြ မေးခွန်းပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးကိုယ်စား ကျွန်တော်

ဆက်လက်တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ(၂)ကိုယ်တိုင်ဥက္ကဋ္ဌ အဖြစ် ဦးဆောင်ပါဝင်သော မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာ အမှတ်(၅၉/၂၀၁၃)ဖြင့်လည်းကောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ အားအထောက်အကူပြုနိုင်ရန်နဲ့ မြေပြင်တွင် အခက်အခဲပြဿနာများဖြစ်နေသည့်ကိစ္စရပ်များကို လက်တွေ့ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/မြို့နယ်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများကိုလည်းပြည်ထောင်စုအစိုးရ အဖွဲ့ရုံးရဲ့ ၁၉-၉-၂၀၁၃ ရက်စွဲပါစာဖြင့် လည်းကောင်းဖွဲ့စည်းပေးခဲ့ပြီး၊ ယင်းတို့၏လုပ်ငန်းတာဝန်များ ကိုလည်း သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စားကျက်မြေ၊ သစ်တောမြေ စသည့် အခြား မြေများကိုရယူခဲ့သူများက ပြန်လည်စွန့်လွှတ်ပါက သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ် ဆောင်ရွက် ရာမှာ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ၊ လယ်ယာမြေဥပဒေ စတဲ့ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် သိမ်းဆည်းမြေများအပေါ် စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၃-၉-၂၀၁၃ ရက်စွဲပါစာဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးထံ အကြောင်းကြားဆောင်ရွက် ပေးလျက်ရှိပါတယ်။

ဥပမာအားဖြင့် လယ်ယာမြေကိုနိုင်ငံတော်အကျိုးငှာ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာ စာထုတ်ပြန်၍ သိမ်းဆည်းခဲ့ခြင်းနှင့်စပ်လျဉ်းပြီး အောက်ပါလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။ သိမ်းဆည်းပေးခဲ့တဲ့မြေများကိုရယူခဲ့တဲ့ ဝန်ကြီးဌာနဟာ ဧရိယာမည်မျှကို ပြန်လည်စွန့်လွှတ်အပ်နှံလိုကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရပါတယ်။ (ပြည်ထဲရေးဝန်ကြီး ဌာနရဲ့ မြေသိမ်းခဲ့တဲ့အမှု မိတ္တူမှန်ကိုပါဝင်ပူးတွဲတင်ပြရပါမယ်)။ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ သဘောတူခွင့်ပြုပါက ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်း ကြားရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနဟာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ တစ်ဆင့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သက်ဆိုင်ရာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပေးရန် အကြောင်းကြားရ

ပါတယ်။ အကြောင်းကြားစာရရှိပြီးပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ)ဟာ မူလမြေသိမ်းအမှုတွဲဖွင့်လှစ်စဉ်ကကဲ့သို့ မြေလက်ခံအမှုတွဲ ဖွင့်လှစ်ရပါတယ်။ မြေရယူခဲ့တဲ့ဝန်ကြီးဌာနကိုယ်စား ဌာနဆိုင်ရာတာဝန်ခံအရာရှိက လွှဲပြောင်းအပ်နှံရန်ဖြစ်ပြီး နိုင်ငံတော်ကိုယ်စား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)က လက်ခံရယူရပါတယ်။ အမှုတွဲဖွင့်လှစ်ရာမှာ မူလမြေသိမ်းအမှုတွဲတွင်ပါဝင်တဲ့ မြေဧရိယာပြမြေပုံ၊ ပြန်လည်စွန့်လွှတ်အပ်နှံတဲ့ မြေဧရိယာပြမြေပုံနဲ့စွန့်လွှတ်အပ်နှံပြီး ကျန်ရှိမယ့်မြေဧရိယာပြမြေပုံ၊ စုစုပေါင်း မြေပုံသုံးခုပါဝင်ရမှာဖြစ်ပါတယ်။

ခရိုင်အထွေထွေဦးစီးဌာနက အမှုတွဲဟာ ပြည့်စုံစွာတည်ဆောက်ပြီးပါက နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တင်ပြရတာဖြစ်ပါတယ်။ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ အမှုတွဲများကို ပြည့်စုံမှုရှိ/မရှိစိစစ်ပြီး နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရတာဖြစ်ပါတယ်။ ယင်းကဲ့သို့တင်ပြရာမှာ သိမ်းဆည်းခဲ့တဲ့မြေဟာ လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လည်းကောင်း၊ လယ်မြေမှတစ်ပါး အခြားမြေများဖြစ်ပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က လည်းကောင်း မူလခွင့်ပြုခဲ့တဲ့ လ/န(၃၉)အမိန့်ကိုပယ်ဖျက်ရန်နဲ့ ပြန်လည်စွန့်လွှတ်ပြီး ကျန်ရှိတဲ့မြေဧရိယာအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၃၀ အရ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ကို ပြင်ဆင်ထုတ်ပြန်ရန်ကိုပါ ထည့်သွင်းထည့်ပေးရပါတယ်။ ကျန်ရှိမည့် မြေဧရိယာအတွက် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် အမိန့်ရရှိပါက နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအမှုတွဲဟာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ကို တင်ပြရပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ဟာ အမှုတွဲလက်ခံရရှိပါက စိစစ်ပြီး မူလမြေသိမ်းအမိန့်ကြော်ငြာစာကို ပယ်ဖျက်ရန်နဲ့ ကျန်ရှိမည့်မြေဧရိယာအတွက် အမိန့်ကြော်ငြာစာ ပြင်ဆင်ထုတ်ပြန်ရန် ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနဟာ တင်ပြချက်ကို အတည်ပြုပြီး ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေပုဒ်မ ၄ (၁) နဲ့ ပုဒ်မ ၆ တို့အရ မူလထုတ်ပြန်ခဲ့တဲ့ မြေသိမ်းအမိန့်ကြော်ငြာစာအားပယ်ဖျက်ပြီး သက်ဆိုင်သူများအား လယ်ယာမြေပြန်လည်ပေးအပ်နိုင်ရန် အလို့ငှာ အမိန့်ကြော်ငြာစာကို ပြင်ဆင်ထုတ်ပြန်ရပါတယ်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ဟာ ပြင်ဆင်ထုတ်ပြန်တဲ့အမိန့်ကြော်ငြာစာကိုလက်ခံရရှိပြီး မူလသိမ်းယူခဲ့တဲ့ မြေသိမ်းအမိန့်ပါဧရိယာကိုပယ်ဖျက်၍ သက်ဆိုင်ရာဌာနက စွန့်လွှတ်လွှဲပြောင်းပြီး ကျန်ရှိတဲ့ မြေဧရိ

ယာအတွက် ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇ (၁)အရ အမိန့်ကြော်ငြာစာ ထပ်မံထုတ်ပြန်ရပါတယ်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ဟာ မြေကိုရယူခဲ့တဲ့ဝန်ကြီးဌာန/ဌာနဆိုင်ရာမှ ပြန်လည်စွန့်လွှတ်လွှဲပြောင်းတဲ့လယ်ယာမြေကို သက်ဆိုင်သူကို လုပ်ပိုင်ခွင့်ပြန်လည်စွန့်လွှတ်ချထားနိုင်ရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြရပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လွှဲပြောင်းပေးတဲ့ လယ်ယာမြေများကိုလက်ခံပြီးပါက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များနဲ့ညှိနှိုင်းပြီး ဆောင်ရွက်မည့်အစီအမံကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ကိုတင်ပြရပါတယ်။ တိုင်းဒေသကြီး /ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တင်ပြတဲ့အမိန့်ကြော်ငြာစာကို အစိုးရအဖွဲ့အတည်ပြုချက်ဖြင့် စွန့်လွှတ်လွှဲပြောင်းသည့် လယ်ယာမြေကို ယခင်အသုံးပြုခဲ့တဲ့ သက်ဆိုင်သူများက ပြန်လည်လုပ်ပိုင်ခွင့်ရရှိလိုပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနဲ့အညီ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုကို လျှောက်ထားရမှာ ဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်တဲ့မြေဟာ မူလအသုံးပြုလုပ်ကိုင်ခဲ့သူအတည်ပြုသတ်မှတ်ပြီးပါက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တရားဝင်ထုတ်ပေးရမှာဖြစ်ပါတယ်။ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရပြီးတာကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေအသုံးချမှုဆိုင်ရာစီမံခန့်ခွဲမှုဆပ်ကော်မတီဥက္ကဋ္ဌ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဦးဆောင်တဲ့အဖွဲ့ဟာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး ကိုသွားရောက်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့် မြေသိမ်းဆည်းမှုများနှင့်သက်ဆိုင်တဲ့ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် ဖြေရှင်းဆောင်ရွက်ပေးရမယ့်ဝန်ကြီးဌာနကိုယ်စားလှယ်တို့အား တွေ့ဆုံညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

သိမ်းဆည်းခံပလပ်မြေများနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ တင်ပြချက်မစီရင်ခံစာပါ မြေသိမ်းဆည်းမှုကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်စွဲပါစာဖြင့် လယ်ယာမြေဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ ဝန်ကြီးချုပ်များဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

များဟာ ဒေသအတွင်းရှိရှင်းလင်းရန်ရှိတဲ့အမှုကိစ္စကို ဥပဒေနဲ့အညီ Case by Case ရှင်းလင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ပါကြောင်း သိရှိရပါတယ်။

မြေသိမ်းဆည်းမှုများနဲ့ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆောင်ရွက်နေမှုများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သတင်းစာရှင်းလင်းပွဲကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ၁၀ နာရီအချိန်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း ခေါင်းဆောင်ပြီး ကျင်းပဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ လယ်ယာမြေပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ လျော်ကြေးငွေရရှိရေးတင်ပြခြင်း၊ သိမ်းဆည်းခံပလပ်မြေများ ပြန်လည်ရရှိရေးတောင်းခံခြင်းတို့ကို အစိုးရအုပ်ချုပ်ရေးအပိုင်းမှ အဆိုပါကိစ္စအား မည်သို့ဖြေရှင်းဆောင်ရွက်ပါမည်နည်း၊ မည်သည့်ကာလတွင် စတင်ဆောင်ရွက်၍ မည်သည့်ကာလတွင် ပြီးဆုံးနိုင်မည်နည်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာမှာ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ထိရောက်စွာကြီးကြပ်ကွယ်ကဲနိုင်ဖို့အတွက် ဒုတိယသမ္မတ(၂)ကဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားပြည်ထောင်စုဝန်ကြီး ငါးဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ ကိုယ်တိုင်က အဖွဲ့ဝင်များအဖြစ်ပါဝင်တဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီနဲ့ လွှတ်တော်ကအတည်ပြုပြဋ္ဌာန်းပြီးလက်တွေ့ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ လယ်ယာမြေဥပဒေ အခန်း(၈) ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု အတိအကျပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ဆင့်နဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများက လက်ငင်းအရေးကြီးလုပ်ငန်းတာဝန်များအဖြစ် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်ဖြေရှင်းပေးလျက်ရှိပါကြောင်းနဲ့ ယခုအစိုးရလက်ထက်တွင်ဖြစ်ပွားခဲ့တဲ့ကိစ္စရပ်များမဟုတ်ဘဲ၊ ယခင်အစိုးရအဆက်ဆက်ကာလက ဖြစ်ပွားခဲ့တဲ့ကိစ္စရပ်များဖြစ်၍ အမှန်တကယ်နစ်နာသူများ ပြန်လည်ရရှိရေးအတွက် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်များက စနစ်တကျ စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်

ရှိပါကြောင်းဖြေကြားအပ်ပါတယ်။ ၎င်းအပြင် ပြည်ထောင်စုအစိုးရအဖွဲ့ကလည်းပဲ ၂၁-၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၅၃/၃၄၉၊ ၁-၁၄/အဖရ/ ၂၀၁၄ အရ တပ်ပိုင်မြေများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ တပ်မတော်ပိုင်မြေများ ပြန်လည်အပ်နှံပြီးစီးမှုအခြေအနေများကို အမြန်ဆုံး ပြန်လည်တင်ပြရန်ဟု အကြောင်းကြားထားရှိပါကြောင်း တင်ပြရင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ညောင်ရွှေအရှေ့ဘက်တောင်တန်းများပေါ်ရှိ ညောင်ရွှေ-လွယ်ခေါ်-အင်းနီ-သပြေကုန်း-သလဲဦး ၂၀ မိုင် ကိုနိုင်ငံတော်မှ မြေသားလမ်းဖောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခွန်သိန်းဖေ ဟိုပုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ (ဟိုပုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ ဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကျက်သရေဆောင် ကမ္ဘာကျော်အင်းလေးကန်ကြီးတည်ရှိရာမြို့နယ်ဖြစ်ပါတယ်။ ညောင်ရွှေမြို့အရှေ့ဘက်မှာရှိတဲ့ တောင်တန်းတွေပေါ်မှာရှိတဲ့ ကျေးရွာများမှ ပြည်သူများဟာ အင်းလေးကန်အရှေ့ဘက်ကမ်းမှာရှိတဲ့ ညောင်ရွှေဈေး၊ မိုင်းသောက်ဈေး၊ နန့်ပန်ဈေး၊ သလဲဦးဈေးများကို အဓိကမှီခိုအားထားလျက်ရှိရာ အဆိုပါဈေးများသို့သွားလာရာတွင်လည်းကောင်း၊ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံရာတွင်လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်ဖောက်လုပ်ထားတဲ့ ကိုယ်ထူကိုယ်ထလမ်းများဖြင့်သာ ခက်ခဲစွာသွားလာဆက်သွယ်ရလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ညောင်ရွှေအရှေ့ဘက်တောင်တန်းများပေါ်မှာရှိတဲ့ ကျေးရွာအုပ်စု သုံးအုပ်စုအတွင်းရှိ ကျေးရွာများ ဆက်သွယ်သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် ညောင်ရွှေ-လွယ်ခေါ်-အင်းနီ- သပြေကုန်း-သလဲဦး မိုင် ၂၀ ကို နိုင်ငံတော်မှ မြေသားလမ်းဖောက်လုပ်ပေးနိုင်ရေး အစီအစဉ်သိရှိလိုပါသဖြင့် လေးစားစွာဖြင့် ကျွန်တော်အနေနဲ့ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ယင်းမာပင်မြို့နယ်အတွင်းကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော မြေသားလမ်းများအား နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသောင်းဟန် ယင်းမာပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ပြည်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်ဖြစ်ပါတယ်။ ယင်းမာပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ ကိုယ်စားမေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လေးစားရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများဟာ ကျေးရွာမြို့သစ် ဖွံ့ဖြိုးရေးလမ်းများကို ကိုယ်ထူကိုယ်ထစနစ်နဲ့ မြေသားလမ်းများကို ငွေကြေးနဲ့ လုပ်အားပါဝင်လှူဒါန်းလျက် မိမိတို့နဲ့နီးစပ်ရာ ယင်းမာပင်-ကပိုင်လမ်းကိုလည်းကောင်း၊ တချို့ကယာကြီး-ကလေးဝလမ်းကိုလည်းကောင်း ဆက်သွယ်ဆောက်လုပ်ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါတယ်။ ဖောက်လုပ်ပြီးတဲ့ မြေသားလမ်းများဟာ မိုးတွင်းကာလမှာ လုံးဝဝင်ထွက်သွားလာ၍မရသဖြင့် ရာသီမရွေးသွားလာနိုင်ရေးအတွက် ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းကို နိုင်ငံတော်မှကူညီပံ့ပိုးဆောင်ရွက်ပေးပါရန် တွေ့ဆုံပွဲများတွင်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများသို့လည်းကောင်း၊ တင်ပြတဲ့စာများဖြင့် တောင်းဆိုလျက်ရှိကြပါတယ်။ သို့ဖြစ်ပါ၍ ယင်းမာပင်မြို့နယ်အတွင်း ကိုယ်ထူကိုယ်ထငွေကြေးနဲ့ လုပ်ငန်းထည့်ဝင်ဖောက်လုပ်ပြီးဖြစ်တဲ့ မြေသားလမ်းများ (က) ဝါးရုံမှ ဆင်စွယ်လမ်း ၂ မိုင် (ခ) ဆင်တဲမှ ရင်ပေါင်တိုင်လမ်း ၂ မိုင်(ဂ) ပန်းမထုံးမှ အင်တောလမ်း ၃ မိုင် (ဃ) မောက်လုပ်မှ အင်တောလမ်း၂ မိုင်ခွဲ(င) ပေါက်တိုက်မှ ကွင်းစပ်လမ်း ၄ မိုင် (စ) ဝင်းကုန်းမှ ယာကြီး-ကလေးဝလမ်း ၁ မိုင်ခွဲ(ဆ)စီလျှောင်မှ သကြားစက်ယာကြီး-ကလေးဝလမ်း ၆ မိုင်တို့ကိုရာသီမရွေးသွားလာကူးသန်းနိုင်တဲ့ လမ်းခရီးအတွက် နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေခွင့်ပြုချထားပေးပြီးတော့မှ ဂျင်းကျောက်ခင်းခြင်းလုပ် ငန်းများဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်ကိုယ်စား ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ရွာင်- ပြဒါးလင်းဂူလမ်းအား အကောင်အထည်ဖော် ဖောက်လုပ်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်သိန်း ရှာငံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း (ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအားမေးမြန်းခဲ့ရာ ၁၉-၁၂-၂၀၁၂ ရက်စွဲဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသည့်မေးခွန်းနှင့်ပတ်သက်၍ ရှာငံ-ပြဒါးလင်းဂူလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၈ ပေအကျယ် မြေသားလမ်း ၅ မိုင် ၂ ဖာလုံ ဖောက်လုပ်ခြင်းအတွက် ကုန်ကျငွေ ၂၈၅ သန်းအား ဖြည့်စွက်ခွင့်ပြုရန်ပုံငွေတင်ပြတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက်ရန်ပုံငွေ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဟူ၍ပါရှိခဲ့ပါတယ်။ သို့ဖြစ်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် ၁၈ ပေ အကျယ်မြေသားလမ်း ၅ မိုင် ၂ ဖာလုံ ဖောက်လုပ်ရန်အတွက် ကုန်ကျမည့်ငွေ ၂၈၅ သန်းကို ထိုက်သင့်တင်ပြတောင်းခံထားခြင်းရှိ/မရှိ သိရှိလိုပါတယ်။ အကယ်၍ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် တင်ပြတောင်းခံရန်အခြေအနေပေး၍ ကျန်နေသည်ဆိုပါက လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော်ဖောက်လုပ်ပေးရန် ပြည်သူလူထုက အထူးလိုလားတောင့်တလျက်ရှိကြပါသည်။ သို့ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ရှာငံ-ပြဒါးလင်းဂူလမ်းအား စတင်အကောင်အထည်ဖော်ဖောက်လုပ်ပေးမည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်သုံးဦးရဲ့ မေးမြန်းမှုများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တစ်ပေါင်းတစ်စည်းတည်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်

ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်း မေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန်သိန်းဖေရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီး ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အရှေ့ဘက်တောင်တန်း ပေါ်မှာရှိတဲ့ ကျေးရွာအုပ်စု သုံးအုပ်စုအတွင်း ကျေးရွာများဆက်သွယ်သော ညောင်ရွှေ-လွယ်ခေါ်-အင်နီ-သပြေကုန်း-သလဲဦးလမ်း လက်ရှိအခြေအနေမှာ ကျောက်လမ်း ၆ ဖာလုံ၊ မြေသားလမ်း ၁၉ မိုင် ၂ ဖာလုံ စုစုပေါင်းအရှည် ၂၀ မိုင်ရှိပါတယ်။ အဲ့ဒီလမ်းအရှည် ၁၉ မိုင် ၂ ဖာလုံကို မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မယ်ဆိုလို့ရှိရင် ငွေကျပ် ၂၈၈.၇၅ သန်းကုန်ကျမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၈၉၃၅.၂၃၃ သန်းဖြင့် ကတ္တရာလမ်း ၃၂ မိုင် ၁ ဖာလုံ၊ ကျောက်ချောလမ်း ၆၇ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၁၅၆ မိုင်၊ သစ်သားတံတား ၃၁၄၃ ပေ၊ ရေပြွန် ၂၁၀၀ ပေ ဆောင်ရွက်ရန်ခွင့်ပြုပြီးဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်အတွင်းမှာရှိတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၈၄၇.၀၂ သန်းဖြင့် ညောင်ရွှေ-တောင်ပို့ကြီးလမ်း၊ ခေါင်တိုင်-အင်းတိုင်-ရွှေအင်းတိမ် လမ်းဘုရားလမ်း၊ နန့်ပန်-ဓာတ်တော်ရေဦးလမ်းနှင့်ညောင်ရွှေ-ပေါင်းပိတ်တာပတ်လမ်း၊ ကတ္တရာလမ်း ၄ လမ်း ၇ မိုင် ၁ ဖာလုံ၊ နန့်ပန်-ဓာတ်တော်ရေဦးလမ်း၊ ကန်တော်-လွယ်ခေါ့လမ်း၊ ကျောက်လမ်း နှစ်လမ်း ၁ မိုင် ၄ ဖာလုံ၊ ကန်တော်-လွယ်ခေါ့လမ်း၊ အင်းတိမ်-မှော်ဘီလမ်း၊ ညောင်ရွှေ-နန်းခွဲ့လမ်း၊ မြေသားလမ်း ၃ လမ်း ၅ မိုင်၊ တိန်နန်း သစ်သားတံတား ၁၄၀ ပေ၊ ညောင်ရွှေ-ရွာသာယာလမ်းရေပြွန် ၃၀ ပေတို့ကို လျာထားခွင့်ပြုပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ ညောင်ရွှေမြို့နယ်အတွင်းမှာရှိတဲ့ ညောင်ရွှေ-လွယ်ခေါ်-အင်နီ-သပြေကုန်း-သလဲဦးလမ်းအရှည် ၂၀ မိုင် မြေသားလမ်းအနက်အား ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ်မှာကျောက်ချောလမ်း ၁ မိုင် ခွင့်ပြု ငွေကျပ် ၄၀.၈ သန်း၊ မြေသားလမ်း ၂ မိုင် ခွင့်ပြုငွေကျပ် ၂၄.၆ သန်းဖြင့် လျာထားပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ဝါးရုံမှ ဆင်ဆွယ်လမ်း အရှည် ၂ မိုင်၊ ဆင်တဲမှ ရင်ပေါက်တိုင်လမ်းအရှည် ၂ မိုင်၊ ပန်းမထုံးမှ အင်တောလမ်းအရှည် ၃ မိုင်၊ မောက်လုပ်မှ အင်တောလမ်းအရှည် ၂ မိုင် ၄ ဖာလုံ၊ ပေါက်တိုက်မှ ကွင်းစပ်လမ်းအရှည် ၄ မိုင်၊ ဝင်းကုန်းမှ ယာကြီး-ကလေးဝလမ်းအရှည် ၁ မိုင် ၄ ဖာလုံ၊ စီလှောင်မှသကြားစက်-ယာကြီး- ကလေးဝလမ်းအရှည် ၆ မိုင်၊ စုစုပေါင်း လမ်းအရှည် ၂၀ မိုင် ဖြစ်ပြီး လက်ရှိအခြေအနေမှာ တစ်ကြောင်းထိုးမြေသားလမ်းများ ဖြစ်ပါတယ်။ အဆိုပါမြေသားလမ်းများအား ရာသီမရွေးသွားလာနိုင်သော ဂျင်းကျောက်ခင်းရန်အတွက် ကုန်ကျငွေကျပ် ၂၄၇.၈ သန်း ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၀၅၇၂.၂၇၂ သန်းဖြင့် ကတ္တရာလမ်း ၁၅ မိုင် ၇ ဖာလုံ၊ ကျောက်ချောလမ်း ၁၅၇ မိုင် ၆ ဖာလုံ၊ မြေသားလမ်း ၁၅၅ မိုင် ၁ ဖာလုံ၊ သစ်သားတံတား ၅၂၃၅ ပေ၊ ရေကျော် ၁၈၄၅ ပေ နှင့် ရေပွန် ၇၁၀ ပေတို့ကို လျာထားခွင့်ပြုပြီးဖြစ်ပါတယ်။

ယင်းမာပင်မြို့နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၇၄.၅၀ သန်းဖြင့် ယင်းမာပင်-ကပိုင်လမ်း ကျောက်လမ်း ၅ မိုင်၊ အလောင်းတော်ကဿဖလမ်းနှင့် ကပိုင်-သပိတ်ဆေးစခန်းကြားလမ်းများပေါ်မှာ ရေပွန် ၅၅ ပေ ဆောင်ရွက်ခြင်းတို့ကို လျာထားခွင့် ပြုပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းလာတဲ့ ယင်းမာပင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်လမ်း ခုနစ်လမ်း၊ ၂၀ မိုင်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့တို့ပူးပေါင်းပြီး ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် တင်ပြတောင်းခံသွားရန်နှင့် ဆက်လက်တင်ပြလာပါက ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ လုပ်ငန်းအားလုံးကို ဘဏ္ဍာငွေလျာထားရေးဆွဲထားခြင်း မရှိသေးပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်သိနိုင်ပါရန် ဖြေကြားအပ်ပါတယ်။

နောက်ရှမ်းပြည်နယ် ရှာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရွာငံ-ပြဒါးလင်းဂူလမ်းဟာ ကျောက်လမ်း ၂ မိုင် ၁ ဖာလုံ၊ လူသွားလမ်း ၁၀ မိုင် ၂ ဖာလုံဖြစ်ပြီး စုစုပေါင်းအရှည် ၁၂ မိုင် ၃ ဖာလုံဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ အဆိုပါလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မေးမြန်းချက်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၁၈ ပေအကျယ် မြေသားလမ်း ၅ မိုင် ၂ ဖာလုံ ဖောက်လုပ်ခြင်းအတွက် ငွေကျပ်၂၈၅ သန်းအား ဖြည့်စွက်ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက်ရန်ပုံငွေလျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြေကြားခဲ့ပါတယ်။

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၁၅၆၉.၉ သန်းဖြင့် ကတ္တရာလမ်း ၅ မိုင်၊ ကျောက်ချောလမ်း ၁၀ မိုင်၊ မြေသားလမ်း ၃၀ မိုင် ၂ ဖာလုံ၊ သစ်သားတံတား ၅၀၀ ပေ၊ ရေပြွန် ၃၅၀ ပေ ဆောင်ရွက်ရန်ခွင့်ပြုပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၈၃၃.၀၅ သန်းဖြင့် ချယ်ရီရတနာလမ်း၊ ဗထူးလမ်း၊ တောင်ခေါင်းဗွာ-ရေဦး-ကျောက်ကူပြင်လမ်း ကတ္တရာလမ်းသုံးလမ်း ၂ မိုင် ၄ ဖာလုံ၊ ကျောက်မြောင်း-ရေချမ်းပြင်လမ်းကျောက်လမ်း ၅ မိုင်၊ ကျောက်မြောင်း-ဘုရားကြီးကုန်းလမ်းမြေလမ်း ၁၂ မိုင် ၄ ဖာလုံ၊ ရွာငံ-ပြဒါးလင်းဂူလမ်းမြေလမ်း ၅ မိုင် ၂ ဖာလုံ၊ ရွာငံ-ကျောက်ပုံလမ်းတံတား ၁၂ ပေနှင့် ချယ်ရီရတနာလမ်းရေပြွန် ၆၀ ပေတို့ကို လျာထားခွင့်ပြုပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရွာငံ-ပြဒါးလင်းဂူလမ်းမြေသားလမ်း ၅ မိုင် ၂ ဖာလုံ ငွေကျပ် ၂၈၅ သန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရဲ့ မူလရန်ပုံငွေမှာ လျာထားပြီးဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ကျောင်းကုန်းမြို့နယ်အတွင်းရှိ အာဆင်းနစ်မြင့်မားသည့်ဒေသများ၌ အာဆင်းနစ်ကင်းလွတ်သည့် သောက်သုံးရေတွင်းများ တူးဖော်ပေးရန်နှင့် ယူနီဆက်အစီအစဉ်ဖြင့် တူးဖော်ပေးခဲ့သည့် အာဆင်းနစ်လွတ်သောက်ရေတွင်းများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ကြည်ညိုလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းကုန်းမြို့နယ်ဟာ အာဆင်းနစ်အလွန်မှများပြားတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ အာဆင်းနစ်နှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ချက်တွေကို ကျွန်တော်တို့ကြယ်ပွင့်ပြမေးခွန်းမေးခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းမှာ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ဦးစားပေးအစီအစဉ် ၆ ရပ်နဲ့ စာအားဖြင့်ဖြေကြားထားတာကိုရရှိပါတယ်။ အဲ့ဒီတော့ အဋ္ဌမပုံမှန်အစည်းအဝေးမှာလည်း အာဆင်းနစ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရေတွင်းတွေဟာ တကယ်တမ်းလိုအပ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ မေးခွန်းတစ်ခုတင်ခဲ့တာကို ခုချိန်မှာမေးခွန်းခွင့်ပြုတဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်ဟာ အာဆင်းနစ်များတဲ့အတွက်ကြောင့် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၀၇ ခုနှစ်၊ မတ်လပိုင်းမှာ UNICEF နဲ့ ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ ကျွန်တော်တို့ သောက်သုံးရေတွင်းများကို စမ်းသပ်ခဲ့ပါတယ်။ အဲ့ဒီတော့ ကျောင်းကုန်းမြို့နယ်မှာရှိတဲ့ သောက်သုံးရေတွင်းပေါင်းမြောက်များစွာထဲက ဥပမာအားဖြင့် တွင်း ရှစ်တွင်းကို ကျွန်တော် ဥပမာ

ပေးပြီးတော့ တင်ပြလိုပါတယ်။ အာဆင်းနစ်က ရေထဲမှာ ၁၀ ကနေပြီးတော့ ၅၀ PPB အတွင်း သာသောက်သုံးနိုင်တယ်လို့ ကျန်းမာရေးအရ သိရှိရပါတယ်။ သို့သော်လည်းပဲ ၅၀ PPB အထက်တွင်း တွေက များနေတဲ့အတွက်ကြောင့် ဒီကျောင်းကုန်းမြို့နယ်အနေနဲ့ ကျွန်တော် ရှစ် တွင်းနဲ့ ပတ်သက်ပြီး တော့ ဥပမာလေးတင်ပြပါမယ်။ ကွင်းဆက်ကြီးကျေးရွာအုပ်စုမှာ ကိုး တွင်းစမ်းသပ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ ခုနစ်တွင်းမှာ အာဆင်းနစ်ဓာတ်က များပြီးတော့ ၁၀၆ PPB ထိဖြစ်နေပါတယ်။ တံခွန်တိုင် ၂၁ တွင်း စမ်းသပ်တဲ့အခါမှာ ၂၁ တွင်းလုံးဟာ အာဆင်းနစ်ဓာတ်တွေရှိပြီးတော့ ၉၉ PPB ထိရှိနေတာ တွေ့ရပါတယ်။ အဝစုရွာမှာ ၂၄ တွင်း စမ်းသပ်လိုက်တဲ့အခါမှာ ၁၅ တွင်းဟာ ၁၁၀ PPB အထိရှိနေကြောင်း တွေ့ရှိရပါတယ်။ အလယ်စုရွာမှာ ၁၆ တွင်းစမ်းလိုက်တဲ့အခါမှာ ၁၁ တွင်းဟာ ၅၀ PPB အထက် ၁၁၁ PPB အများဆုံးတွေ့ရှိရတာ ဖြစ်ပါတယ်။ တောင်စုကျေးရွာမှာ ၃၂ တွင်း စမ်း လိုက်တဲ့အခါမှာ ၃၁ တွင်း ဟာ အာဆင်းနစ်ဓာတ်အလွန်များပြီးတော့ အများဆုံးဟာ ၁၀၆ PPB အထိတွေ့ရှိနေရပါတယ်။ ကြံ့ဒိုင်းရိုးကျေးရွာမှာ ၂၆ တွင်းစမ်းသပ်လိုက်တဲ့အခါမှာ ၂၄ တွင်းဟာ ၅၀ PPB များပြီးတော့ ၁၀၉ PPB အများဆုံးတွေ့ရှိနေရပါတယ်။

အလားတူပဲ ကြံ့နားဝကျေးရွာမှာ ၁၈ တွင်းစမ်းသပ်လိုက်တဲ့အခါမှာ ၁၈ တွင်းဟာ ၅၀ PPB အထက်ဖြစ်ပြီးတော့ အများဆုံး ၁၀၈ PPB အထိတွေ့ရပါတယ်။ ထူးခြားတာကတော့ ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်ရဲ့ ရပ်ကွက်တစ်ခုဖြစ်တဲ့ မှော်သေးရပ်ကွက်မှာ ၅၂ တွင်းစမ်းသပ်လိုက်တဲ့အခါမှာ ၃၈ တွင်းဟာ ၅၀ PPB အထက်ဖြစ်ပြီးတော့ အများဆုံးဟာ ၅၄၀ PPB, ၅၁၅, ၅၀၀ ကျော်တဲ့အဆင့်ထိ အင်မတန်မှ အန္တရာယ်များတဲ့ ရေတွင်းများကို တွေ့ရှိရပါတယ်။ အ.ထ.က တွင်းဟာ PPB စမ်းသပ် လိုက်တဲ့အခါမှာ PPB ၂၀၀၀ အထိဖြစ်သွားတဲ့အတွက်ကြောင့် ချက်ချင်းပိတ်လိုက်ပြီးတော့မှ အာဆင်းနစ်တွင်းတစ်တွင်း တူးထားတဲ့အနေအထားရှိပါတယ်။

ဒါကြောင့်မို့လို့ ကျောင်းကုန်းမြို့နယ်မှာ အာဆင်းနစ်ဓာတ်က အလွန်များနေတဲ့အတွက်ကြောင့် ဒါကိုစီမံချက် တစ်ရပ်အနေနဲ့ ၂၀၀၅ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၀၇ ခုနှစ် မတ်လမှာ ကျန်းမာရေးဦးစီး ဌာနနဲ့ UNICEF တို့ပူးပေါင်းပြီးတော့ တွင်းတွေစမ်းသပ်တဲ့ ရလဒ်အပေါ် အခြေမူတည်ပြီးတော့ တွင်း ပေါင်း ၃၂ တွင်းကို စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်ကျန်းမာရေးဦးစီးဌာနများနှင့် ပေါင်း စပ်ပြီးတော့မှ သောက်ရေတွင်းများ တူးပေးလိုက်တဲ့အခါမှာ အဲ့ဒီသောက်ရေတွင်းများဟာ ခုချိန်မှာ တော်တော်များများ ပျက်စီးနေတဲ့ အနေအထားရှိပါတယ်။ ပေ ရှည်တွင်းလည်းဖြစ်တယ်။ လေး လက်မ ပိုက်တွင်းတွေလည်းဖြစ်တယ်။ တုံကင်တွေလည်း အသုံးပြုတဲ့အတွက်ကြောင့် ဒီရေတွင်းကအခုချိန်မှာ

တော့ ရေတွင်းများတော်တော်များများ ပျက်စီးနေတဲ့အနေအထား ရှိနေပါတယ်။ အဲ့တော့ ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်ဟာ အဲ့လိုတွင်းတွေကို ကျွန်တော်တို့ ယခင်တုန်းကတော့ UNICEF ကတူးတာရှိ တယ်။ နောက်တစ်ခုကတော့ ဆည်မြောင်းဦးစီးဌာန၊ ကျွန်တော်တို့ ဒီဘက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ရေအရင်းအမြစ်ဦးစီးဌာနတွေ တူးတာရှိတယ်။ ခုချိန်မှာတော့ ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာနပေါ်လာတဲ့အခါကျတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်နဲ့ တူးမယ်ဆို တဲ့အတွက်ကြောင့် ကျွန်တော်တို့ အင်မတန်မှလည်း ဝမ်းသာပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပထမ တူးလာတဲ့ UNICEF ကတူးလာတဲ့တွင်းတွေကိုလည်း ဒီဘက်က ရေအရင်းအမြစ်ဦးစီးဌာနကနေပြီး တော့ ဒါသူတို့ဌာနနဲ့မဆိုင်ဘူး။ မူလအစီအစဉ်နဲ့ ဆောင်ရွက်နေတဲ့အတွက်ကြောင့် ဒီတွင်းတွေကို ဆောင်ရွက်ခြင်းမရှိပါဘူး။

ဒီဘက်က ရေအရင်းအမြစ်ဦးစီးဌာနကလည်း တကယ်တမ်းတူးတဲ့အခါကျတော့ ကျွန်တော်တို့ တကယ် Heavy ဖြစ်တဲ့ မှော်သေးလိုဟာမျိုးမှာ ပေ ၁၀၀၀ တွင်း နှစ်တွင်းလောက်ပဲတူးပြီးတော့ ဆက်ပြီးတော့ တူးနိုင်ခြင်းမရှိပါ။ မြို့နယ်စည်ပင်အနေနဲ့ကလည်း ကျွန်တော်တို့ ပေ ၂၀၀ အထိ အောက်ပဲတူးနိုင်တဲ့အနေအထားရှိတယ်။ စက်ရေတွင်းတွေလည်း ဒီလောက်ထိ ပေပေါင်း မြောက်မြား စွာအာဆင်းနစ်လွတ်တဲ့ တူးနိုင်တဲ့ အရည်အချင်းကမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးခွန်းမေးလိုတာကတော့ ကျောင်းကုန်းမြို့နယ်အတွင်းမှာရှိတဲ့ အာဆင်းနစ်မြင့်မားတဲ့ဒေသများမှာ နိုင်ငံတော်အစီအစဉ်နဲ့ သောက်သုံးရေတွင်းများတူးဖော်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနဲ့ UNICEF အစီအစဉ်ဖြင့်တူးဖော်ပေးနိုင်သည့် အာဆင်းနစ်သောက်ရေတွင်းများကို ပြန်လည်ပြင်ဆင်တူးဖော်ပေး နိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဆက်လက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌ

ကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်အတွင်းမှာရှိတဲ့ တချို့သော လက်ရိုက်တွင်းတိမ်များမှာ အာဆင်းနစ်ပါဝင်မှုဟာ သောက်ရေအတွက်သတ်မှတ်ထားတဲ့ စံနှုန်းထက်များပြားလျက်ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှလည်း စစ်ဆေးတွေ့ရှိထားကြောင်း သိရှိရပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းပြီးတော့မှ ဧရာဝတီတိုင်းဒေသကြီးအတွင်း အာဆင်းနစ်ကင်းစင်တဲ့ သောက်သုံးရေရရှိရေးလုပ်ငန်းအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ ဟင်္သာတမြို့နယ်၊ သာပေါင်းမြို့နယ်နှင့် ကျုံပျော်မြို့နယ်များအတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၄၃ ရွာမှာ မြေသားရေကန် ၁၃ ကန်နှင့် လက်တူးတွင်း ၃၀ တွင်း အဆင့်မြှင့်တင်ခြင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ ကျုံပျော်မြို့နယ်၊ အင်္ဂပူမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ရေကြည်မြို့နယ်များ အတွင်းမှာရှိတဲ့ ကျေးရွာ ၁၁ ရွာမှာ မြေသားရေကန် တစ်ကန်နှင့် လက်တူးတွင်း ၁၀ တွင်း တူးဖော်ခြင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကျောင်းကုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ကျိုက်လတ်မြို့နယ်များအတွင်းမှာရှိတဲ့ ကျေးရွာ ၁၀ ရွာမှာ လေးလက်မ စက်ရေတွင်း ၁၀ တွင်း တူးဖော်ခြင်းတို့ဆောင်ရွက်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှလည်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရေအရင်းအမြစ်များတွင် အာဆင်းနစ်ဓာတ်ပါဝင်မှုပမာဏကို တိုင်းတာခြင်း၊ အာဆင်းနစ်ဓါတ်ပါဝင်မှု များသောရေအရင်းအမြစ်များကို ပြည်သူလူထုသောက်သုံးခြင်းမပြုရန် ပညာပေးခြင်း၊ ပြည်သူလူထုရဲ့ ရေရှည်အာဆင်းနစ် အဆိပ်သင့်ရောဂါရှိ/မရှိ စောင့်ကြပ်ထောက်လှမ်းခြင်း၊ သောက်သုံးရေတွင်ပါဝင်သော အာဆင်းနစ်ဓာတ်ကို ဖယ်ရှားခြင်းဆိုင်ရာနည်းစနစ်များကို သုတေသနပြုခြင်းအစရှိတဲ့ ရောဂါကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ ကျောင်းကုန်းမြို့နယ်အတွင်း အာဆင်းနစ်ပါဝင်မှုများသောဒေသများမှာ အာဆင်းနစ်ကင်းစင်သော သောက်သုံးရေရရှိရေးဆောင်ရွက်ပေးနိုင်ရေးအတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာတွေ့ရှိချက်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF နှင့် ပူးပေါင်းဆောင်ရွက်တဲ့ အာဆင်းနစ်ကင်းစင်သော သောက်သုံးရေရရှိရေးလုပ်ငန်းစီမံချက်မှာ ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ဖို့ အစီအမံ ကျွန်တော်တို့ရှိပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေလျာထားရေးဆွဲထားခြင်းမရှိသေးပါကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အာဆင်းနစ်ကင်းစင်တဲ့ သောက်သုံးရေတွင်းနက်တူးဖော်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြဖြေရှင်းအပ်ပါတယ်ခင်ဗျား။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်ဆက်စပ်မေးခွန်းလေး ဆက်ပြီးတော့ မေးဖို့ခွင့်ပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဘုန်းကြီးအိုင်ဆိုတဲ့ကျေးရွာက တစ်ရွာလုံး အာဆင်းနစ်က အဲ့ဒီအချိန်တုန်းက Cross လုပ်ခဲ့ပါတယ်။ အာဆင်းနစ်လွတ်တဲ့တွင်းလုံးဝ မရှိတဲ့ အခါကျတော့ ရေအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်လာတဲ့အခါမှာ ဒီအချက်ကို တင်ပြတဲ့ အခါကျတော့ အခုတူးပေးခဲ့ပါတယ်။ တူးပေးခဲ့တဲ့အခါကျတော့ သူတို့မူလအစီအစဉ်ကတော့ တူးပေး တဲ့လေးလက်မပိုက်တွင်းတွေဟာ သူတို့လျာထားသတ်မှတ်ထားတာကတော့ ပိုက်တွင်းတူးပေးတဲ့ အဆင့်ပဲရှိပါတယ်။ ရေထွက်ဖို့အတွက်ကို ရေထွက်ဖို့အတွက်ကတော့ အစီအစဉ်မပါသေးပါဘူး။ ဒါကြောင့်မို့လို့ တကယ်လို့များ ကျွန်တော်တို့က ဒီဘက်ကနေပြီးတော့ နိုင်ငံတော်အစီအစဉ်နဲ့၊ ဝန်ကြီး ဌာနအစီအစဉ်နဲ့ ဒီလိုအာဆင်းနစ်တွင်းအရှည်တွေကို တူးပေးမယ်ဆိုလို့ရှိရင် ပိုက်တွဲအပြင်ပေါ့။ ပေနက်တဲ့အခါကျတော့ စောစောက UNICEF တွင်းတွေဟာပျက်သွားတယ်ဆိုတာ ကျွန်တော်တို့ ဘုံပိုင်အနေနဲ့ သုံးတာ များပါတယ်။ တွင်းတွေကလည်းနက်တယ်။ ဒီဘုံပိုင်အနေနဲ့သုံးတဲ့အခါကျတော့ ရေက Fresh မဖြစ်တဲ့ အခါကျတော့ တကယ်တမ်းကျတော့ Compressor နဲ့သုံးမှသာလျှင် အင်ဂျင် နှင့်သုံးမှသာလျှင်ရတဲ့အတွက်ကြောင့် တကယ်လို့ ဒီဘက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဒီတွင်းနက်များ အာဆင်းနစ်လွတ်တွင်းများတူးပေးခဲ့တဲ့ အစီအစဉ်များရှိခဲ့လျှင် ကျွန်တော်တို့တွင်း အပြင် ကျန်တဲ့ဆက်စပ်ပစ္စည်းများ၊ စက်များ၊ ရေကန်များ ပါရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်လို့ သက်ဆိုင်ရာဝန်ကြီးဌာနအစားပေါ့လေ။ ကျွန်တော်လွှတ်တော် ဥက္ကဋ္ဌအနေနဲ့ ဆွေးနွေးညှိနှိုင်းချင်ပါတယ်။ အခု ဒီလို မေးခွန်းတင်ပြလိုက်တဲ့အခါမှာ ကျောင်းကုန်း ဒေသမှာ ဤမျှလောက်များပြားသောနေရာများမှာ အာဆင်းနစ်ဆိုသော အဆိပ်ဓာတ်ပါဝင်တဲ့ ရေရရှိ တယ်ဆိုရင် ဒီဒေသမှာရှိကြတဲ့ ပြည်သူများအတွက် အင်မတန်မှ အန္တရာယ်ကြီးနေတယ်လို့ပဲဒီလိုပဲ သုံးသပ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ကျန်းမာရေးမြှင့်တင်မှု ကော်မတီရယ်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရယ် ပူးပေါင်းပြီးတဲ့အခါမှာ လွှတ်တော်အနေနဲ့ ကွင်းဆင်းစုံစမ်းလေ့လာပြီးတော့ ပြန်ပြီးတင်ပြမယ်ဆိုရင် ပိုမိုထိရောက်အောင်မြင်နိုင်တဲ့အနေအထားရှိပါတယ်။ အဲဒီနည်းတူပဲ ဒီနေ့တင်ပြချက်ပေါ်မူတည် ပြီးတော့ ဒီကျောင်းကုန်းမြို့နယ်ကို အထူးကိစ္စတစ်ရပ်၊ အထူးဒေသတစ်ခုသတ်မှတ်ပြီးတော့

ပြည်ထောင်စုအစိုးရအဖွဲ့ကို အကြောင်းကြားမယ်ဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ သီးခြား အစီအမံလုပ်ရင် ဆောင်ရွက်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ခုနက တင်ပြချက်အရ UNICEF အပါအဝင် UN အဖွဲ့အစည်းတို့က အရင်တုန်းက အကူအညီပေးခဲ့တယ်။ အခုလည်းပေးဖို့အတွက် သက်ဆိုင်ရာ UN အဖွဲ့အစည်းများနှင့်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ညှိနှိုင်းရင်လည်း ပိုကောင်းမှာဖြစ်ပါ တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဟာ ကျန်းမာရေး ဒီထက်ပြောရမယ်ဆိုရင် အသက်အန္တရာယ်ပါ စိုးရိမ်ရတဲ့ ကိစ္စဖြစ်တဲ့အတွက် အထူးကိစ္စတစ်ရပ်အနေနဲ့စဉ်းစားပြီး ငွေကုန်ကြေးကျခံလုပ်ဖို့သင့်တဲ့ကိစ္စတစ်ခု ဖြစ်လည်းဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကိုတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ထပ်မံမဖြေကြားတော့ဘဲနဲ့ ကျွန်တော်ရဲ့ တင်ပြချက်အပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာကော်မတီ များနှင့်ပေါင်းစပ်ပြီးတဲ့အခါမှာ အမြန်ဆုံးဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒီဆောင်ရွက်မှုနဲ့ပတ်သက် ပြီးတော့ ကျွန်တော်အချိန်သတ်မှတ်ပြီး တော့ဆောင်ရွက်စေဖို့အတွက် ကော်မတီများနှင့်ညှိနှိုင်း ပြီးတော့ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဦးသိန်းထွန်းကိုလည်း ကျွန်တော်လွှတ်တော် ဥက္ကဋ္ဌအနေနဲ့ ဒီလိုပဲပြန်ကြားဖြေကြားပါတယ်။

**သဲကုန်းမြို့တွင် ခွင့်ပြုချက်ရယူထားပြီးမရှိသော ငါးမွေးကန်မည်မျှရှိပြီး ဆင်းရဲချို့တဲ့ ရေလုပ်သားများ အတွက် ဘုံငါးဖမ်းကွက်သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်ကိုယ်စား ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်ကမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဒုတိယဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ပထမဦးစွာ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သဲကုန်းမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့ကိုယ်စားမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဲကုန်းမြို့၊ အင်းမာအင်းအတွင်း စီးပွားလုပ်ကိုင်သူ အသက်မွေးကျောင်းပြုကြသူများရဲ့ ရေရှည် အကျိုးစီးပွားနဲ့ပတ်သက်ပြီး သိရှိလိုပါ၍ အောက်ဖော်ပြပါ မေးခွန်းသုံးခုကို မေးမြန်းလိုပါတယ် ခင်ဗျား။ မေးခွန်း(၁) အင်းမာအင်းနဖူးသာမက အင်းများအတွင်း ကျူးကျော်ဝင်ရောက်၍ ရေစီး

ရေလာအနှောင့်အယှက်ဖြစ်စေသော စည်းကမ်းမဲ့ခွင့်ပြုချက်ရယူထားခြင်းမရှိတဲ့ ငါးမွေးကန်အရေအတွက် မည်မျှရှိပါသနည်း။ စည်းကမ်းပျက်တရားမဝင်တူးဖော်လုပ်ကိုင်နေသော ငါးမွေးကန်များကို ဖျက်သိမ်းခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်းများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါတယ်။ မေးခွန်း(၂) ရေစီးရေလာကောင်းမွန်ရေးအတွက် တူးဖော်ပြီးတဲ့ ဈေးချောင်း၊ မီးလောင်ချောင်း၊ အောင်ကုန်းချောင်း၊ ချောင်းဘောင်များကို ကုန်ထုတ်လမ်းများပြုလုပ်စေလျက် နံဘေးတွင်တူးဖော်ထားတဲ့ ငါးကန်များအနက် ခွင့်ပြုချက်လျှောက်ထားဆဲကန်များကို တရားဝင်ငါးမွေးကန်များဖြစ်အောင် မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်။ ချေးငွေများရရှိအောင် မည်သည့်အချိန်တွင်ဆောင်ရွက်ပေး မည်ကိုသိရှိလိုပါတယ်။ မေးခွန်း(၃) အင်းများကို အမှီပြု၍ ရှာဖွေစားသောက်နေကြတဲ့ ဆင်းရဲချို့တဲ့ ရေလုပ်သားများအတွက် ဘုံငါးဖမ်းကွက်သတ်မှတ်ဆောင်ရွက်ပေးရန် လိုအပ်နေပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးနိုင်ပါက မည်သည့်အင်းကိုပေးမည်ဆိုသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်ကိုယ်စား ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဆက်ပြီးကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမအင်းနဖူးသာမက အင်းများအတွင်းကျူးကျော်ဝင်ရောက်နေထိုင်ပြီးတော့မှ ရေစီးရေလာအနှောင့်အယှက်ဖြစ်စေတဲ့ ငါးမွေးသူဦးရေ ၇၇ ဦး၊ ကန်အလုံးရေ ၁၁၂ လုံးနှင့် ငါးမွေးကန် ၉၉၉.၁ ဧကရှိကြောင်း ဦးစွာကျွန်တော်ဖြေကြားလိုပါတယ်။ အင်းချောင်းအတွင်း တရားမဝင်ငါးကန်များတူးဖော်မှုကြောင့် ပတ်ဝန်းကျင်လယ်မှ အင်းချောင်းအတွင်း ရေမစီးနိုင်သောကြောင့် လယ်များရေနစ်မြုပ်ခြင်း၊ အင်းချောင်းအတွင်းငါးကန်များကြောင့် ရေစီးရေလာအဟန့်အတားဖြစ်ကာ အနည်ထိုင်၍ အင်းတိမ်ကောလာသောကြောင့် မြေစာရင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊

ဆည်းမြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ပါဝင်သောအဖွဲ့ဖြင့် အသေးစိတ်ကွင်းဆင်းပြီး အင်းနယ်နိမိတ်သတ်မှတ်ရေး၊ တရားမဝင်ငါးကန်များအား တရားဝင်သတ်မှတ်ရေး၊ ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်ရေး၊ အင်းချောင်းအတွင်းစီးဝင်တဲ့ အင်းချောင်းများပိတ်ဆို့မှုမရှိစေရေး၊ ငါးကန်များမှ ရေစီးလမ်းကြောင်းပေးရေး၊ ငါးမွေးကန်လိုင်စင်ကိုမဆောင်သူများအားဖော်ထုတ်နိုင်ရေး၊ အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၁၃-၁၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၆/၇၀၈/ ဦး-၄ ဖြင့် အဖွဲ့ဖွဲ့ပြီးတာဝန်ပေးအပ်ပြီးဖြစ်ပါတယ်။ ၎င်းအဖွဲ့နှင့်လည်း လက်ရှိကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်နံပါတ်(၂) မေးခွန်းဖြစ်တဲ့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးချောင်း၊ မီးလောင်ချောင်း၊ တောင်ကုန်းချောင်းတို့ရဲ့ ချောင်းဘောင်များမှာ ကုန်ထုတ်လမ်းများပြုလုပ်စေပြီး နံဘေးမှာတူးဖော်ထားတဲ့ ငါးမွေးကန်များအနက် ခွင့်ပြုချက်လျှောက်ထားဆဲကန်များကို စိစစ်ပြီး လွတ်ကင်းတဲ့ငါးမွေးကန်များအား တရားဝင်ငါးမွေးကန်လိုင်စင်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိရင်လည်းပဲ ချေးငွေများရရှိရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရနှင့်ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားအပ်ပါတယ်။

နောက်သဲကုန်းမြို့နယ်အတွင်းမှာရှိတဲ့ ဂရန်အင်း ၂၇ အင်းရှိပြီးတော့မှ ရေချိုငါးလုပ်ငန်းရေပြင် ၃၈၀ ဧကရှိပါတယ်။ ဂရန်အင်းများဟာ ရေကြာရှည်တည်တံ့ခြင်းမရှိတဲ့အတွက် ရေပေါ်ရေလျှံငါးဖမ်းနည်းဖြင့်သာ ငါးဖမ်းဆီးခွင့်ပြုထားခြင်းဖြစ်ပါတယ်။ ရေချိုငါးလုပ်ငန်းရေပြင်များမှာ ဂရန်အင်းမှအပ တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ချထားခြင်းမရှိသဖြင့် အင်းနယ်နိမိတ်မှကင်းလွတ်တဲ့နေရာများမှာ ရေလုပ်သားများအနေနဲ့ လွတ်လပ်စွာရှာဖွေစားသောက် နိုင်မှာဖြစ်ပါတယ်။ ဂရန်အင်းများမှာလည်း ဝင်ရောက်လုပ်ကိုင်နေတဲ့ ရေလုပ်သားဦးရေဟာ ၁၈၆၃၀ ဦးခန့်ရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ရေချိုငါးလုပ်ငန်းရေပြင်များမှာ ရေလုပ်သားများနှင့် ကျေးလက်နေပြည်သူများဟာ တစ်ပိုင်တစ်နိုင်မိသားစုဝမ်းစာအတွက် အခွန်ကောက်ခံခြင်းမှကင်းလွတ်တဲ့ လက်ထွန်၊ ကိုင်းထောက်၊ ထောင်ကျင်း၊ ငါးမျှားတံ၊ ဘူးမျှော၊ လက်ပစ်ကွန်၊ ရင်ဒွန်း၊ ကော်ခတ်၊ ရက်သဲ့၊ မြှုံးငယ်အမျိုးမျိုး၊ မြှုံးကြီး၊ တုတ်၊ တံဆောင်း၊ ဆောင်း၊ လှံထိုး၊ ဂုတ်စတဲ့ ကိရိယာများဖြင့် ရှာဖွေစားသောက်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဂရန်အင်းများဟာ နိုင်ငံတော်မှပြန်တမ်းထုတ်ပြန်ပြီးသတ်မှတ်ထားရှိတဲ့ နိုင်ငံတော်ပိုင်သယံဇာတများဖြစ်ပြီး အင်းများကွယ်ပျောက်ပျက်စီးဆုံးရှုံးခြင်းသည် နိုင်ငံတော်၏သယံဇာတများဆုံးရှုံးခြင်းပင်ဖြစ်ပါတယ်။ ငါးအထိအမိကောင်းမွန်သည့် ငါးဖမ်း

ကွက်များမှာ ရေလုပ်သားများ အပြိုင်အဆိုင်ငါးဖမ်းဆီးခြင်းဖြင့် ပြဿနာများဖြစ်ပွားခြင်းကြောင့် ငါးဖမ်းကွက်နေရာအနေအထားအရ နယ်နိမိတ်သတ်မှတ်နိုင်မှုနှင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နိုင်မှု အခြေအနေပေါ်မူတည်ပြီး အချို့ငါးဖမ်းကွက်များကို အင်းအဖြစ်လည်းကောင်း၊ အချို့ငါးဖမ်းကွက်များ ကိုတင်ဒါငါးဖမ်းကွက်များ အဖြစ်လည်းကောင်း သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အင်းတင်ဒါဈေးများကို ဈေးကွက်ရောင်းချခြင်းသည်လည်း ရေလုပ်သားများမှ ဝင်ရောက်ဆွဲဝယ်ယူနိုင် ရေးနှင့် လုပ်ကိုင်ခွင့်ပေးရာတွင် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက်ဖြစ်ပါတယ်။ အင်းတင်ဒါငါးဖမ်း ကွက်များသတ်မှတ်ခြင်းဟာ နိုင်ငံတော်မှ အခွန်ငွေရရှိရန် တစ်ခုတည်းသာရည်ရွယ်ခြင်းမဟုတ်ဘဲ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် ရေလုပ်သားများအတွက် ဖမ်းဆီးရမည့်နယ်နိမိတ် ငါးမျိုးစိတ် အချိန်ကာလနှင့်ငါးဖမ်းနည်းစတဲ့ စည်းကမ်းချက်များသတ်မှတ်လိုက်နာစေခြင်းဖြင့် မြေသယံဇာတများ ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ၁၉၀၅ ခုနှစ်မှစတင်ပြီး နှစ်ပေါင်း ၁၀၀ ကျော်တည်တံ့ခဲ့ပြီးဖြစ်တဲ့စနစ်ဖြစ်ပါ တယ်။ ဒီစနစ်ဟာ ကျွန်တော်တို့ ယခင်ကဆိုရင် **လေဇဘယ် factory Management** လို့ခေါ်တဲ့ ကျွန်တော်တို့ရဲ့ ဒီရေချိုငါးလုပ်ငန်းတွေမှာ ဒီအင်းတွေ၊ ဂရန်တွေကိုထိန်းသိမ်းတဲ့နည်းစနစ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနေ့အထိ စနစ်တစ်ခုရဲ့ကောင်းကျိုးအတွက်ကြောင့် အသက်ရှင် ရပ်တည်ပြီးတော့ ဂရန်အင်းတွေ ကျွန်တော်က ရေရှည်ရှိပြီးတော့မှ ရေချိုငါးလုပ်ငန်း Sustainability ကိုကျွန်တော်က ဆက်ပြီးထိန်းသိမ်းနိုင်မှာဖြစ်တယ်ဆိုတာလေး တစ်ချက်ကိုတော့ ဒီမှာ ထည့်သွင်း ပြီးတော့တင်ပြလိုပါတယ်။ ဂရန်အင်းများအား လေလံတင်ရောင်းချခြင်းဖြင့် အင်းလုပ်ငန်းရှင်သည် စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း၊ ငါးမျိုးချန်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းတို့ကြောင့် ရေနေသယံဇာတ များကိုထိန်းသိမ်းနိုင်ပြီး ထိုက်သင့်သောဘဏ္ဍာငွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။ ဂရန်အင်းကိုဘုံငါး ဖမ်းရေပြင်အဖြစ်သတ်မှတ်ပေးလိုက်မယ်ဆိုရင် ပိုင်ရှင်သီးခြားမရှိတဲ့အတွက်၊ ထိန်းသိမ်းသူမရှိတဲ့ အတွက် တရားမဝင်ငါးဖမ်းနည်းဖြစ်တဲ့ ဘတ္ထရီရှော့တိုက်ခြင်း၊ အဆိပ်ချငါးဖမ်းခြင်းစတဲ့ စည်းမဲ့ကမ်းမဲ့ ငါးဖမ်း ဆီးပါက ရေရှည်မှာ သဘာဝပတ်ဝန်းကျင်နှင့် ရေနေသယံဇာတများကို ယိုယွင့်ပျက်စီးလာနိုင် ပါတယ်။ ရေလုပ်သားများအကြားမှာလည်း ထိန်းသိမ်းနိုင်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ အငြင်းပွားမှု၊ အလု အယက်ဖမ်းဆီးမှုတို့ကြောင့် ခိုက်ရန်ဖြစ်ပွားပြီးတော့မှ ရာဇဝတ်၊ မှုခင်းများကျူးလွန်လာနိုင် သဖြင့် ဂရန်အင်းကို ဘုံငါးဖမ်းကွက်အဖြစ် ခွင့်မပြုသင့်ပါကြောင်း အင်းများကို အမှီပြုပြီးရှာဖွေ စားသောက် နေတဲ့ဆင်းရဲချို့တဲ့တဲ့ရေလုပ်သားများက ၎င်းတို့ရဲ့စားဝတ်နေရေးအတွက် ငါးရှာဖွေ နိုင်ရန် အစုအဖွဲ့များစနစ်တကျဖွဲ့စည်းပြီး လုပ်ကိုင်လိုသော ဂရန်အင်းကို သင့်လျော်သောဈေးနှုန်းနဲ့

တိုင်းဒေသကြီး အစိုးရအဖွဲ့သို့တင်ပြလျှောက်ထားပြီး စည်းကမ်းတကျဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့်ရေနေသယံဇာတများကို ထိန်းသိမ်းရာရောက်မယ်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ်ရှိ အင်းများကို ဘုံငါးဖမ်းကွက်များအဖြစ် ရေလုပ်သားများအား လုပ်ကိုင်ခွင့်ပြုခြင်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်အတိုင်း ဆောင်ရွက်သင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥဒေခွဲ(က)အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကိုယ်စား ကျွန်တော် ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှ တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးလက်ထက်က အမိန့်အမှတ် (၆/၈၈) နဲ့ထုတ်ပြန်ခဲ့တဲ့ အသင်းအဖွဲ့ဥပဒေရှိပါတယ်။ ဒီဥပဒေနဲ့ ပတ်သက်လို့လေ့လာကြည့်ရင် အသင်းအဖွဲ့များအားကောင်းဖို့အတွက် အချို့နေရာတွေမှာ ကန့်သတ်ချက်လေးတွေရှိပါတယ်။ နိုင်ငံတော်အနေနဲ့ ယနေ့ခေတ်စနစ်ပြောင်းလဲလာတဲ့အတွက်ကြောင့် အသင်းအဖွဲ့များသည် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့များမှာမြင်ရတဲ့ ဟာကွက်ကို ရှိရင်းအဆိုများအနေဖြင့် ဖြည့်ဆည်းပေးနိုင်ရင် တိုင်းပြည်အတွက် အားကောင်းမှာဖြစ်တဲ့အတွက်ကြောင့် အသင်းအဖွဲ့များဥပဒေဟာ မဖြစ်မနေလိုအပ်တဲ့ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကော်မတီအနေနဲ့ ပြည်တွင်းပြည်ပအသင်းအဖွဲ့များနဲ့ အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးခဲ့တဲ့ ရရှိတဲ့အချက်များကို ပြုစုပြီးတော့ ယနေ့အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို အခန်းပေါင်း ၉ ခန်း၊

ပုဒ်မပေါင်း ၃၇ ခုနှင့်ရေးသားတင်ပြထားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာတစ်ချက် တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီဥပဒေမှာ နိုင်ငံခြားတိုင်းပြည်များမှ ထောက်ပံ့ခြင်းဆိုတဲ့ ကိစ္စတစ်ခုက အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကိုကျွန်တော်ဘာကြောင့် တင်ပြရလဲဆိုရင် ယနေ့ နိုင်ငံကြီးတချို့မှာ သူတို့ နိုင်ငံထဲကို စီးဆင်းလာတဲ့ဝင်ငွေတွေကို စောင့်ကြည့်ပြီးတော့ လေ့လာသုံးသပ်နေတာကိုတွေ့ရမှာဖြစ် ပါတယ်။ ဒါကြောင့်လည်း ယနေ့လွှတ်တော်မှာလုပ်နေတဲ့ ငွေကြေးခဝါချမှုဥပဒေနှင့် အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေနှင့်ဆက်နွယ်နေတာကိုလည်း လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ယနေ့ နိုင်ငံတချို့ ဟာ နိုင်ငံများစွာထဲကိုဝင်ရောက်ပြီးတော့ ဒီနိုင်ငံထဲမှာရှိတဲ့ အသင်းအဖွဲ့တွေ အားကောင်းနေတဲ့ အသင်းအဖွဲ့တွေ၊ ရည်ရွယ်ချက်ကောင်းတွေနဲ့ အသင်းအဖွဲ့တွေကို နောက်ကနေ အလှူငွေများ ပေးကမ်းရာကနေပြီးတော့ ကြိုးကိုင်မှုတွေဖြစ်လာတာကိုလည်း သာဓကတွေများစွာတွေ့ရပါတယ်။ အလားတူ ဒီနိုင်ငံတွေဟာ အသင်းအဖွဲ့အငယ်များမှသည် တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များကိုရော နောက်ဆုံးနိုင်ငံတော်ကိုအုပ်ချုပ်နေတဲ့ အစိုးရအဖွဲ့ကိုပါ အားပေးကူညီမှုတွေ၊ အောင်မြင်မှုတွေ၊ ဒီမိုကရေစီလမ်းပြမှုတွေနဲ့ ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီအသင်း အဖွဲ့ဥပဒေဟာ ဒီအချိန်မှာ အချိန်ကိုက်ပဲဖြစ်ပါတယ်။ အမှန်တကယ်လည်း လိုအပ်တဲ့ ဥပဒေဖြစ်ပါ တယ်။ များစွာလည်း ဂရုပြုဖို့ လိုအပ်တဲ့ ဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့ ရေးထားတဲ့ ရည်ရွယ်ချက် ကိုက အသင်းအဖွဲ့များ၊ CSO များ ပြည်တွင်းမှာ ဒီမိုကရေစီဖော်ဆောင်ဖို့အတွက် အားကောင်းဖို့ အတွက် ရည်ရွယ်ပြီးတော့ ရေးတာဖြစ်ပါတယ်။ ကျွန်တော်ခုနက တင်ပြတဲ့ အမျိုးမျိုးသောပံ့ပိုးမှုတွေ ကနေတစ်ဆင့် ရည်ရွယ်ချက်လွဲမှားသွားမှာကို စိုးရိမ်တဲ့အတွက်ကြောင့် ဒါကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များလေ့လာပြီးတော့ ဆွေးနွေးပေးဖို့အတွက် ဥပဒေကို တင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ် လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်း ရန် ဖြစ်ပါတယ်။ အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာ ပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ တင်သွင်းသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းအား ၂၉-၁၀-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့တွင် လွှတ်တော်မှ လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ပြည်သူ့ရေး ရာစီမံခန့်ခွဲမှုကော်မတီက အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့် ရေးဆွဲတင်ပြထားကြောင်း သိရှိရ ပါသည်။

(က) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းတို့ကို ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊

(ခ) အသင်းအဖွဲ့များကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်စေရန်၊

(ဂ) အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသား များအကျိုးကို အထောက်အကူပြုနိုင်စေရန်၊

(ဃ) အသင်းအဖွဲ့များသည် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ဥပဒေနှင့်အညီ လိုအပ်သည့်အကူအညီများ ရယူနိုင် ရန်၊

(င) အရပ်ဘက်လူ့အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန် တို့ဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁-၁-၂၀၁၄ ရက်နေ့တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ စိစစ်ခဲ့ရာ ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။

(၁) ဤဥပဒေကြမ်းတွင် အခန်း (၉) ခန်းနှင့် ပုဒ်မ ပေါင်း ၃၇ ခုပါရှိပါသည်။

(၂) ဥပဒေခေါင်းစီးရှိ ၂၀၁၃ ခုနှစ်အား ၂၀၁၄ ခုနှစ်ဟု ပြင်ဆင်၍ အောက်ပါ ဥပဒေဆိုသည့် စကားရပ်အား ဤဥပဒေဟု ပြင်ဆင်ပါသည်။

(၃) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဃ) ရှိ တိုင်းဒေသကြီး/ပြည်နယ်ဆိုသည့် စကားရပ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟု ပြင်ဆင့်သဖြင့် ဤဥပဒေ တစ်ခုလုံးတွင်ပါရှိသော တိုင်းဒေသကြီး/ပြည်နယ်ဆိုသည့် စကားရပ် များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟု ပြောင်းလဲပြင်ဆင်ပါသည်။

(၄) ပုဒ်မ ၂ ပုဒ်မခွဲ (င) ရှိ နေပြည်တော်ကောင်စီ နယ်မြေမှတ်ပုံတင်ရေးအဖွဲ့ဆိုသည် စကားရပ်အား နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့ဟူ၍ လည်းကောင်း၊ နေပြည်တော်ကောင်စီအဆင့် ဆိုသည့်စကားရပ်အား နေပြည်တော်ကောင်စီဟု ပြင်ဆင်ပါသည်။

(၅) ပုဒ်မ ၂ ပုဒ်မခွဲ(ဆ) ၏နောက်တွင် ပုဒ်မခွဲ(ဇ)အဖြစ် အသင်းအဖွဲ့ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့နှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အသင်းအဖွဲ့ကိုဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၆) ပုဒ်မ ၂ ပုဒ်မခွဲ (ဈ) ရှိ နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့ ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် နိုင်ငံတော်အတွင်း လူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ရည်ရွယ်သောအဖွဲ့အစည်းကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၇) အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(က) အား အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်ဟု ပြင်ဆင်ပါသည်။

(၈) ၃ ပုဒ်မခွဲ(ခ)အား အသင်းအဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်စေရန်ဟု ပြင်ဆင်ပါသည်။

(၉) ၃ ပုဒ်မခွဲ(ဃ) ရှိ လိုအပ်သည့် ဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

(၁၀) ပုဒ်မ ၄ နှင့် ပုဒ်မ ၆ ရှိ မှတ်ပုံတင်ရေးအဆင့်ဆင့် ဆိုသည့် စကားရပ်အား မှတ်ပုံတင်ရေးအဖွဲ့များဟု ပြင်ဆင်ပါသည်။

(၁၁) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ) ရှိ နေပြည်တော်ကောင်စီအဆင့် ဆိုသည့် စကားရပ်အား နေပြည်တော်ကောင်စီဟု ပြင်ဆင်ပါသည်။

(၁၂) ပုဒ်မ ၅ နှင့် ပုဒ်မခွဲ(က) တို့အား စုစည်းပြီး ပုဒ်မခွဲ(က)အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပါသည်။

(၁၃) ပုဒ်မ ၅ ပုဒ်မခွဲ (ခ) ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပြီး ပုဒ်မခွဲငယ်(၃) ရှိ အဖွဲ့ဝင်အား အဖွဲ့ဝင်များ ပြင်ဆင်ပါသည်။

(၁၄) ပုဒ်မ ၅ ပုဒ်မခွဲ (ဂ) အား နေပြည်တော်ကောင်စီသည် နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များ ဖြင့် ဖွဲ့စည်းရမည် ဟု ပြင်ဆင်ပြီး ပုဒ်မခွဲငယ်(၃) ရှိ အဖွဲ့ဝင်အား အဖွဲ့ဝင်များပြင်ဆင်ပါသည်။

(၁၅) ပုဒ်မ ၅ ပုဒ်မခွဲ(ဃ) အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ခရိုင်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပြီး ပုဒ်မခွဲငယ်(၃) ရှိ အဖွဲ့ဝင်အား အဖွဲ့ဝင်များဟု ပြင်ဆင်ပါသည်။

(၁၆) ပုဒ်မ ၅ ပုဒ်မခွဲ(င) အား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပြီး ပုဒ်မခွဲငယ်(၃) ရှိ အဖွဲ့ဝင်အား အဖွဲ့ဝင်များဟု ပြင်ဆင်ပါသည်။

(၁၇) ပုဒ်မ ၆ ရှိ မှတ်ပုံတင်ရေးအဖွဲ့ အဆင့်ဆင့် ဆိုသည့် စကားရပ်အား မှတ်ပုံတင်အဖွဲ့များဟု ပြင်ဆင်ပြီး၊ ပုဒ်မခွဲ(က) ရှိ အသင်းအဖွဲ့များဆိုသည့် စကားရပ်အား အသင်းအဖွဲ့များက ဟုပြင်ဆင်ပါသည်။

(၁၈) ပုဒ်မ ၆ ပုဒ်မခွဲ(ခ) ရှိ အသင်းအဖွဲ့များဆိုသည့်စကားရပ်အား ပြည်တွင်းအသင်းအဖွဲ့များဟု ပြင်ဆင်ပါသည်။

(၁၉) အခန်း(၄) ပုဒ်မ ၇ အား ပြည်တွင်းအသင်းအဖွဲ့များသည် ဆန္ဒအလျောက် မှတ်ပုံတင်လိုပါက အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါသတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်ဟု ပြင်ဆင်ပါသည်။

(၂၀) ပုဒ်မ ၇ ပုဒ်မခွဲ(ဈ) အား သီးခြားတင်ပြချက် (ရှိလျှင်) ဟု ပြင်ဆင်ပါသည်။

(၂၁) ပုဒ်မ ၈ အား သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၇ အရ လျှောက်ထားသောအသင်းအဖွဲ့အား လျှောက်ထားသည့် နေ့မှ ခုနစ်ရက်အတွင်း (အစိုးရ ရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင် လက်မှတ်ကိုထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီးဟု ပြင်ဆင်ပါသည်။

(၂၂) ပုဒ်မ ၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁) အား ပယ်ဖျက်ပါသည်။

(၂၃) ပုဒ်မ ၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)နှင့် ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃) ရှိ နေပြည်တော်နယ်မြေအဆင့် မှတ်ပုံတင်ရေးအဖွဲ့ဆိုသည့် စကားရပ်အား နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့ဟုလည်းကောင်း၊ ပုဒ်မခွဲငယ်(၄) ရှိ ခရိုင်/မြို့နယ် ဆိုသည့် စကားရပ်အား ခရိုင် သို့မဟုတ် မြို့နယ်ဟုလည်းကောင်းအသီးသီး ပြင်ဆင်ပြီး ဤဥပဒေတစ်ခုလုံးတွင်ပါရှိသော ခရိုင်/မြို့နယ် ဆိုသည့် စကားရပ်များအား ခရိုင် သို့မဟုတ် မြို့နယ်ဟု ပြင်ဆင်ပါသည်။

(၂၄) ပုဒ်မ ၈ ပုဒ်မခွဲ(ဂ) ရှိ လျှောက်ထားသူအား ဆိုသည့် စကားရပ်အား လျှောက်ထားသူထံဟု ပြင်ဆင်ပါသည်။

(၂၅) ပုဒ်မ ၈ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၁) ရှိ ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့ ဆိုသည့် စကားရပ်အား နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့ဟုပြင်ဆင်ပါသည်။

(၂၆) ပုဒ်မ ၈ ပုဒ်မခွဲ(ဃ) အား သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်းအကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသော အကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်ဟု ပုဒ်မအသစ်တစ်ခုအဖြစ် ပြောင်းလဲပြင်ဆင်ပါသည်။

(၂၇) ပုဒ်မ ၁၁ ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်အဆင့်တွင် မှတ်ပုံတင်ထားသော ဆိုသည့်စကားရပ်ကို ခရိုင်အဆင့် မှတ်ပုံတင်ရေးအဖွဲ့ဟုလည်းကောင်း ဤဥပဒေတစ်ခုလုံးတွင်ပါရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆိုသည့် စကားရပ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဟု ပြင်ဆင်ပါသည်။

(၂၈) ပုဒ်မ ၁၄ အား သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၁၃ အရ လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့် နေ့မှ ခုနစ်ရက်အတွင်း (အစိုးရ ရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီးဟု ပြင်ဆင်ပါသည်။

(၂၉) ပုဒ်မ ၁၄ ပုဒ်မခွဲ(ဃ)အား သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်းအကြောင်းပြန်ကြားစာလက်ခံရရှိပါက ခွင့်မပြုသော အကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်ဟု ပုဒ်မအသစ်တစ်ခုအဖြစ် ပြောင်းလဲပြင်ဆင်ပါသည်။

(၃၀) အခန်း(၇)ခေါင်းစဉ်အား အသင်းအဖွဲ့များ၏ မှတ်ပုံတင်လက်မှတ် လဲလှယ်ခြင်းနှင့် သက်တမ်းတိုးခြင်းဟု ပြင်ဆင်ပါသည်။

(၃၁) ပုဒ်မ ၁၆ အား မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် -

(က) သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ တစ်နှစ် တစ်ကြိမ် နှစ်ပတ်လည် အစီရင်ခံစာ တင်ပြရမည်။

(ခ) နှစ်စဉ်နှစ်ပတ်လည်အစီရင်ခံစာ ပုံမှန်တင်ပြခြင်းဖြင့် ဆက်လက်တည်ရှိနေသည်ဟုမှတ်ယူ၍ငါးနှစ်လျှင်တစ်ကြိမ် မှတ်ပုံတင်လက်မှတ် အသစ်လဲလှယ်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ လဲလှယ်ခြင်းအတွက် မှတ်ပုံတင်ကြေးပေးဆောင်ရန်မလို။

(ဃ) နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များဖြစ်လျှင် ငါးနှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးရမည်။ သက်တမ်းတိုးခြင်းအတွက် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ထပ်မံပေးဆောင် ရမည် ဟု ပြင်ဆင်ပါသည်။

(၃၂) ပုဒ်မ ၁၇ ရှိ ငါးနှစ်ဆက်တိုက် ဆိုသည့် စကားရပ်အား တစ်ဆက်တည်း ငါးနှစ် ဟု ပြင်ဆင်ပါသည်။

(၃၃) ပုဒ်မ ၁၈ ရှိ ဆွေးနွေး၍ အယူခံဝင်ခွင့်ရှိသည် ဆိုသည့် စကားရပ်အား ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည် လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၄) ပုဒ်မ ၁၉ အား သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် ငြင်းပယ်ခြင်းခံရသည့် နိုင်ငံတကာအစိုးရ မဟုတ်သော အသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၁၈၀ အထိ ဆက်လက်

ရပ်တည်နိုင်ခွင့်ရှိသည့်အပြင်ခွင့်မပြုသော အကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည် ဟု ပြင်ဆင်ပါသည်။

(၃၅) အခန်း(၈) ပုဒ်မ ၂၀ အား မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်၏ ဥပဒေနှင့်အညီ လှုပ်ရှားဆောင်ရွက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပံ့ပိုးကူညီခြင်းနှင့် အကာအကွယ်ပေးခြင်းပြုရမည် ဟု ပြင်ဆင်ပါသည်။

(၃၆) ပုဒ်မ ၂၁ ရှိ နိုင်ငံတော်မှ ဆိုသည့် စကားရပ်အား နိုင်ငံတော်ကဟု ပြင်ဆင်ပါသည်။

(၃၇) ပုဒ်မ ၂၂ ရှိ လက်ခံရယူခွင့်ရှိသည် ဆိုသည့် စကားရပ်အား လက်ခံရယူနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၈) ပုဒ်မ ၂၃ ရှိ အသင်းအဖွဲ့တစ်ရပ်ရပ်သည် ဆိုသည့်စကားရပ်အား ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည်ဟု ပြင်ဆင်ပါသည်။

(၃၉) ပုဒ်မ ၂၄ ရှိ မူပိုင်ခွင့်ရှိသည်ဆိုသည့်စကားရပ်အား သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၄၀) အခန်း(၉) ပုဒ်မ ၂၅ ရှိ အသင်းအဖွဲ့များတွင် ဝင်ရောက်လှုပ်ရှား ဆောင်ရွက်ခွင့်ရှိသည် ဆိုသည့် စကားရပ်အား အသင်းအဖွဲ့များတွင် သက်ဆိုင်ရာပါတီကိစ္စမှအပ ဝင်ရောက်လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၄၁) ပုဒ်မ ၂၆ ရှိ ဆောင်ရွက်ခွင့်ရှိသည် ဆိုသည့်စကားရပ်အား ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၂) ပုဒ်မ ၂၇ ရှိ ပြည်တွင်းအသင်းအဖွဲ့များနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များသည် မိတ်ဖက်ပြုလုပ်၍ ဆိုသည့်စကားရပ်အား အသင်းအဖွဲ့များသည် အချင်းချင်းမိတ်ဖက်ပြုလုပ်၍ဟု ပြင်ဆင်ပါသည်။

(၄၃) ပုဒ်မ ၂၈ ရှိ အဖွဲ့များအနေဖြင့် ဆိုသည့် စကားရပ်အား အဖွဲ့များသည်ဟု ပြင်ဆင်ပါသည်။

(၄၄) ပုဒ်မ ၃၀ ရှိ သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်ရေးအဖွဲ့သို့ ဆိုသည့်စကားရပ်အား သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်ရေးအဖွဲ့နှင့်မှတ်ပုံတင်ရေးအဖွဲ့သို့ ဟု ပြင်ဆင်ပါသည်။

(၄၅) ပုဒ်မ ၃၁ ရှိ နိုင်ငံတကာ အသင်းအဖွဲ့တစ်ခုသည်ဆိုသည့် စကားရပ်အား နိုင်ငံတကာ အစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ခုသည် ဟုလည်းကောင်း၊ လက်မှတ်အား ဆိုသည့် စကားရပ်အား လက်မှတ်ကိုဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၄၆) ပုဒ်မ ၃၃ ရှိ ကိုယ်စားလှယ်များအနေဖြင့် ဆိုသည့်စကားရပ်အား ကိုယ်စားလှယ် များကိုဟု ပြင်ဆင်ပါသည်။

(၄၇) ပုဒ်မ၃၄အား ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၈) ပုဒ်မ ၃၅ အား အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈)အရထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင် သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၄၉) ပုဒ်မ ၃၇ ရှိ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဆိုသည့်စကားရပ်အား ပယ်ဖျက်ပြီး မူလပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၆ တို့အား ရှေ့နောက် ပုဒ်မအစဉ် ပြောင်းရွှေ့ပြင်ဆင်ထားပါ သည်။

၅။ သို့ဖြစ်ပါ၍ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၈-၁-၂၀၁၃ ရက်နေ့ (အင်္ဂါနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၃၀ နာရီအချိန်တွင်ရပ်နားပါသည်။]